ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့ (26-9-2013) (၇၆၁၅)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၅-၉-၂၀၁၃

နေပြည်တော်(လယ်ဝေး)	၄ ဒသမ ၇၃ လက်မ
ရေး	၄ ဒသမ ၇၃ လက်မ
နေပြည်တော်(လေဆိပ်)	၃ ဒသမ ၃၄ လက်မ
ကျိုက္ခမီ	၂ ဒသမ ၆၄ လက်မ
ပြင်ဦးလွင်	၂ ဒသမ ၆၀ လက်မ
မြင်းခြံ	၂ ဒသမ ၁၇ လက်မ
မှော်ဘီ(စိုက်ပျိုးရေး)	၂ ဒသမ ၀၅ လက်မ
လောင်းလုံ	၂ ဒသမ ၀၅ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယနေ့ မာတိကာ

ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုမှ ဖြစ်ပေါ်လာသည့် ရောဂါများကြောင့် နှစ်စဉ် လူဦးရေ ငါးသန်းကျော် သေဆုံးလျက်ရှိ — စာမျက်နှာ - ၇

မြို့ပတ်ရထားများတွင် ကုန်တင်တွဲ ချိတ်ဆွဲပေးသင့် — စာမျက်နှာ - ၁၀

တာမွေမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ် — စာမျက်နှာ - ၁၁

နိုင်ငံတစ်ဝန်းနီးပါး သေနတ်သံများချုပ်ငြိမ်းသွားပြီး ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားနေရပြီဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်သမ္မတဟောင်း မစ္စတာ ဂျင်မီကာတာနှင့် တွေ့ဆုံစဉ် ပြောကြား

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အမေရိကန်နိုင်ငံသမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr.Jimmy Carter ဦးဆောင်ပြီး ဖင်လန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Martti Ahtisaari၊ နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dr.Gro Harlem Brundtland တို့ပါဝင်သော ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် The Elders အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆွေတော်တို့အနေဖြင့် ယခုကဲ့သို့ ကမ္ဘာ့လူသားများ၏ အကျိုးကိုရှေးရှုပြီး လိုက်လံကူညီဆောင်ရွက်ပေးနေသည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း လက်နက်ကိုင်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများလည်း ကြုံတွေ့ရပါကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းနီးပါး သေနတ်သံများချုပ်ငြိမ်းသွားပြီး နယ်စပ်ဒေသအများအပြားတွင် ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားနေရပြီဖြစ်ပါကြောင်း၊ မကြာမီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပစ်အခတ်များ ရပ်စဲသော်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် ကျန်ရှိနေပါသေးကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အဆွေတော်တို့၏အတွေ့အကြုံများ၊ အကြံဉာဏ်များကို မျှဝေပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးဆိုင်ရာများ၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခအား ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် ပူးပေါင်း၍ ပညာရေး၊ ကျန်းမာရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ နေထိုင်စားသောက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ **စာမျက်နှာ ၃ ကော်လံ ၆ သို့** ☆

နာမည်ကျော် Star War ဇာတ်ကားများမှ လမ်းလျှောက်စက်ရုပ်ကြီးကို အမှန်တကယ်ဝယ်ယူနိုင်မည်

အမေရိကနှင့် အရှေ့ဥရောပတစ်ခွင် ဝင်ငွေစံချိန်တင်နိုင်ခဲ့ပြီး လူကြိုက်အများဆုံးဖြစ်ခဲ့သည့် နာမည်ကျော် Star War ဇာတ်ကားများတွင် ပါဝင်ခဲ့သည့် လမ်းလျှောက်စစ်တိုက်နိုင်သော စက်ရုပ်ကြီးကို အဆိုပါဇာတ်ကား ကြိုက်နှစ်သက်သူပရိသတ်မျိုး အမှန်တကယ်နေအိမ်တွင် ထားရှိနိုင်ရန်အတွက် အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ ဇာတ်ကားအတွင်း ပါဝင်ခဲ့သော အဆိုပါစက်ရုပ်ကြီးကို သတ္တုစပ်ကိုယ်ထည်အသုံးပြုတည်ဆောက်ထားပြီး အမှန်တကယ် လမ်းလျှောက်မောင်းနှင်နိုင်ရန်လည်း ဖန်တီးထားသည်ဟု သိရှိရပါသည်။ စက်ရုပ်များနှင့် ဂြိုဟ်သားများစစ်ပွဲများဖြစ်ပွားပြီး လူသားများပါ ပါဝင်ဆင်နွှဲ၍ နေအပါအဝင် ဂြိုဟ်ရှစ်ခွင်အတွင်း အခြေချ နေထိုင်လှည့်လည်သွားလာလျက်ရှိသည့် ပုံစံကို စိတ်ကူးဖန်တီးရိုက်ကူးထားသော အဆိုပါဇာတ်ကားကို စွဲလမ်းရူးသွပ်သူပရိသတ်များနှင့် ကလေးငယ်များအတွက် အမှတ်တရပစ္စည်းနှင့် ကလေးကစားစရာအရုပ်များကို ဈေးကွက်အတွင်း ဝယ်ယူစုဆောင်းထားနိုင်ရန် ထုတ်လုပ်ရောင်းချမှုများ ရှိနေရာ ယခုစက်ရုပ်ကြီးများကို ကလေးများကစားနိုင်ရန် ထုတ်လုပ်ထားသည့် အရွယ်အစားမျိုးတွင် မပါဝင်ကြောင်း အဆိုပါစက်ရုပ်ကြီး တည်ဆောက် ဒီဇိုင်းတီထွင်သူမှတစ်ဆင့် **စာမျက်နှာ ၇ ကော်လံ ၅ သို့** ◯

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အကြိုညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၅

ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမကျင်းပမီ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပသည်။

အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ် စီမံကိန်းများ အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ဒေါက်တာမောင်မောင်သိန်း၊ ဦးစိုးတင့်၊ ဦးဘုန်းဆွေနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ထိုင်းနိုင်ငံမှ Assistant Chief, Policy Advisor to Prime Minister, Mr.chuloneng Yakate ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳



ကြေးမုံ စာတည်းရှုထောင့် ၂၆-၉-၂၀၁၃ [ကြာသပတေးနေ့]

အမှောင်ခွင်း၍ အလင်းဆောင်ပြီ

“ကြက်မ တွန်၍ မိုးမလင်း” ဆိုရိုးစကားရှိခဲ့ပါသည်။ တစ်ခေတ်တစ်ခါက လူမှုနယ်ပယ်မှာ အမျိုးသမီးများအား နေရာမပေးခဲ့သည့် ပုံရိပ်နှင့် တစ်ချိန်က ကျေးလက်ဒေသတချို့တွင် မိန်းကလေးစာသင်မှုကို အားမပေးခဲ့သည့် အခြေအနေရှိခဲ့ဖူးသည်။

ကြက်မ တွန်၍ မိုးမလင်းခဲ့သော်လည်း ယခုအမျိုးသမီးစွမ်းဆောင်ရှင် အသင်းတစ်သင်း၏ စီမံဆောင်ရွက်မှုအောက်တွင် ကျေးလက်ဒေသမီးလင်း လာတော့မည်။ အိန္ဒိယနိုင်ငံရှိ ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Barefoot College တွင်နေစွမ်းအင်နည်းပညာအသုံးပြုသင်တန်းသို့ တက်ရောက်ခဲ့သည့် အမျိုးသမီးစွမ်းဆောင်ရှင်ခြောက်ဦးက ဦးဆောင်ပြီး ကျေးရွာများရှိအိမ်ထောင်စု ၂၃၀ မီးလင်းရေးလုပ်ဆောင်ပေးသွားမည်ဟု သိရသည်။ လိုအပ်သော ပစ္စည်းကိရိယာများကို အိန္ဒိယနိုင်ငံမှ ပံ့ပိုးပေးသွားမည်ဖြစ်ရာ တစ်လအတွင်း မီးလင်းရေးဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်သည်။

၎င်းစွမ်းဆောင်ရှင်ခြောက်ဦးသည် အတန်အသင့်စာတတ်မြောက်ရုံ ရေးတတ်၊ ဖတ်တတ် သာမန်အဆင့်သာရှိပြီး ဝေးလံသည့် ကျေးလက်ဒေသနေ အသက်(၄၅)နှစ်မှ (၅၀)အရွယ် ကျေးတောသူအမျိုးသမီးများဖြစ်ကြသည်။ အိန္ဒိယနိုင်ငံမှ အမျိုးသမီး ၁၀၀၊ အခြားဖွံ့ဖြိုးမှုနှေးကွေးသော နိုင်ငံအသီးသီးမှ ကျေးလက်နေအမျိုးသမီး ၈၀ တို့နှင့်အတူ နေစွမ်းအင်အသုံးပြုနည်းပညာကို သင်ယူခဲ့ကြခြင်းဖြစ်သည်။

“အမျိုးသမီးတွေအတွက် အခွင့်အလမ်းမရှိတဲ့အတွက် အခန်းကဏ္ဍတွေမှာ အဝန်းအဝိုင်းရဲ့ အပြင်ဘက်ကို ရောက်နေတာမျိုးကို အဝန်းအဝိုင်းထဲ ပြန်လည်ရောက်ရှိအောင် အခွင့်အရေးတွေပေးရမယ်။ အခွင့်အရေးတွေပေးနိုင်ရင် သူတို့ယုံကြည်မှု မရှိတာတွေကို ယုံကြည်မှုရှိအောင် ပြုလုပ်ပေးနိုင်မယ်” ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ မိန့်မှာစကားသည် ကျေးလက်အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တွန်းအားတစ်ရပ်ဖြစ်စေမည်မှာ အမှန်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် သောက်သုံးရေရရှိရေးနှင့်အတူ ကျေးလက်ဒေသမီးလင်းရေးသည်လည်း အဓိကဦးတည်ချက်တစ်ရပ်ဖြစ်သည်။ မဟာဓာတ်အားလိုင်း လက်လှမ်းမီရာဒေသများတွင် ချိတ်ဆက်ကာ မီးလင်းရေးဆောင်ရွက်နိုင်သော်လည်း အလှမ်းဝေးသည့်တောင်ပေါ်မြေပြန့် ကျေးလက်အနှံ့တွင် ရေအားလျှပ်စစ်၊ နေစွမ်းအင်သုံးလျှပ်စစ်များကို တစ်နိုင်တစ်ပိုင် ထုတ်လုပ်သုံးစွဲနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိနေသည်။

မိမိတို့နိုင်ငံသည် အီကွေတာရပ်ဝန်းနှင့် နွေးသမပိုင်းဒေသတွင်ရှိနေရာ နေရောင်ခြည်စွမ်းအင်လိုသလောက်ထုတ်ယူ၍ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲသုံးစွဲနိုင်သည်။ မိုးများဒေသဖြစ်၍ ရေစွမ်းအင်နှင့်လျှပ်စစ်ထုတ်ယူနိုင်သည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် လေစွမ်းအင်နှင့် လျှပ်စစ်ထုတ်ယူနိုင်သည်။

အရေးကြီးသည်မှာ နည်းပညာနှင့်လိုအပ်ပစ္စည်းများသာ။ ယခုနေရာဒေသ အဝန်းအဝိုင်းတစ်ခုအတွက် စွမ်းဆောင်ရှင်အမျိုးသမီးများနှင့် လိုအပ်ပစ္စည်းများရရှိထားပြီးဖြစ်နေပြီ။ ထပ်ဆင့် ဆင့်ပွားစွမ်းဆောင်ရှင်များ မွေးထုတ်ကာ လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးနိုင်မည်ဆိုပါလျှင် ကျေးလက်ဒေသမီးလင်းရေး မနှေးအမြန်အကောင်အထည်ပေါ်လာလိမ့်မည်ဟု ပြောနိုင်ပြီ။

နိဒါန်းစကားဆိုရိုးအတိုင်း“မိုးလင်း”ရေးတွင်မစွမ်းနိုင်ခဲ့ကြလည်း “မီးလင်း” ရေးကိုကား စွမ်းဆောင်မှုပေးနိုင်ကြပါလိမ့်မည်။ အမျိုးသမီးတိုင်းသည် ကမ္ဘာကြီးကိုလွှမ်းမိုးကြီးစိုးနိုင်စွမ်းသည့် “ပုခက်လွှဲသောလက်” ပိုင်ရှင်များပင် မဟုတ်ပါလော။ ။

အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၅

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ စက်တင်ဘာ ၂၆ ရက်တွင်ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် UNFPA ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးသိန်းထိုက်အား UNFPA ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ စာရင်းစစ်စံနှုန်းများအတိုင်း ဆောင်ရွက်လျက်ရှိမှု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ပုံအကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများတွင် အားနည်းချက်များတွေ့ရှိရပါက ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရန် Management Letter ထုတ်ပြန်လေ့ရှိသည့်အကြောင်း၊ Doner Countries များမှ လှူဒါန်းငွေများအတွက် Implementing Partners များဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသုံးခု၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်များကို အကဲဖြတ်ရန်ရှိမှု၊ ယင်းသို့ပြုလုပ်ရာတွင် United Nations Internal Auditor များဖြင့် ပြုလုပ်သွားရန် စီစဉ်ထားမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်	ရွှေဈေး	၆၉၂၈၀၀	-	၆၉၃၈၀၀
မန္တလေး	ရွှေဈေး	၆၉၂၈၀၀	-	၆၉၃၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၁. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၉၃၈
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၁. ၈၀
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၄၉၆
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၅. ၅၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၄၄၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၃. ၃၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၄. ၉၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၉-၂၀၁၃ (ကြာသပတေးနေ့)

၅း၄၀	“တရားစောင့်သူကို တရားကစောင့်သည်” တရားတော် [ဓမ္မဒူတအရှင်ပညာဝရ (သိမ်ဇရပ်)]
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “မျက်နှာဖုံးချစ်သူ” (အပိုင်း-၈၄)
၇း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ဆန္ဒနတ်သမီး” (အပိုင်း-၂၀)
၈း၃၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးမှုကမ္ဘာ” (အပိုင်း-၆၅)
၉း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ချစ်ခြင်းတရားနှင့်” (အပိုင်း-၃)
၁၀း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၅၀	မြတ်ဗုဒ္ဓဒေသနာဖြန့်ဝေဖြာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၂း၅၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၄၀	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ

ပြည်ထောင်စုလွှတ်တော် နာယက၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ထိုင်းနိုင်ငံအိမ်ရှေ့မင်းသားနှင့် တွေ့ဆုံ

ဗန်ကောက် စက်တင်ဘာ ၂၅

ပြည်ထောင်စုလွှတ်တော် နာယက၊ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းသည် စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် ဗန်ကောက်မြို့ Shukhothai နန်းတော်၌ ထိုင်းနိုင်ငံအိမ်ရှေ့မင်းသား မဟာဗာဂျီယာလောင်ကွန် Prince Maha Vajiralongkom နှင့် မြန်မာ-ထိုင်း ချစ်ကြည်ရေး ပိုမိုတိုးတက်စေရေးအတွက် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော်နာယကသည် ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ (President of the senate) Mr. Nikom Wairatpanij နှင့်စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် ထိုင်းနိုင်ငံအထက်လွှတ်တော်၌ တွေ့ ဆုံဆွေးနွေးခဲ့ကြသည်။**(အောက်ပုံ)**

စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကသည်ထိုင်းနိုင်ငံ C.P ကုမ္ပဏီများ အုပ်စု၏ ဥက္ကဋ္ဌ Mr. Dhanin Chearvanont အား ဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံခဲ့သည်။

စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်မြို့ (TRUE TOWER) ရှိ CP ကုမ္ပဏီအုပ်စုရုံးသို့ ရောက်ရှိရာ Chatroan Pokphand Foods PCL ဥက္ကဋ္ဌ Mr. Adirek Sripratak နှင့် ဒုတိယဥက္ကဋ္ဌ Mr. Natthakrlt Silvasri တို့မှ ကုမ္ပဏီနှင့် သက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြသည်။

စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် Chonburl Province ရှိ PTT Group သို့ ရောက်ရှိရာ ကုမ္ပဏီအား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်းသိရှိရသည်။ **(သတင်းစဉ်)**



ပြည်ထောင်စု လွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်း ထိုင်းနိုင်ငံ CP ကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌ Mr. Adirek Sripratak နှင့် တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)



☆ နိုင်ငံတစ်ဝန်းမှ

လူမျိုးစုနှစ်စုအကြား အတူတကွ ယှဉ်တွဲ နေထိုင်နိုင်ရေး၊ ထာဝရ ရင်ကြားစေ့ရေးတို့အတွက် ဖြေရှင်းဆောင်ရွက်နေမှုများ၊ ၂၀၁၃ခုနှစ် နှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသားမကျန်ရှိရအောင် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter နှင့် အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Jimmy Carter ဦးဆောင်ပြီး ဖင်လန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Martti Ahtisaari၊ နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dr. Gro Harlem Brundtland တို့ပါဝင်သော ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် The Elders အဖွဲ့ဝင်များသည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်(I-1)၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးတွင် ပါဝင်ကူညီဆောင်ရွက်ရေး၊ လူ့အခွင့်အရေးဆိုင်ရာနှင့် လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ဦးဝင်းစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် အဖွဲ့ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် Emi MAKINO ဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါ ဂျပန်-မြန်မာ ဥပဒေရေးရာ သုတေသနအဖွဲ့သည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များနှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်လွှတ်တော် အဆောက်အအုံ အိုင်ဆောင်-(၁)၌တွေ့ဆုံရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များက ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြပြီး နာဂိုယာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က သိရှိလိုသည်များကို မေးမြန်းရာ အတွင်းရေးမှူး ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဘရှိန်၊ ဒေါက်တာစိုးမိုးအောင်နှင့် ဦးသိန်းထွန်းဦးတို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်၊လူ၃၂၇ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် စက်တင်ဘာ ၂၄ရက် မွန်းလွဲပိုင်းက အင်အားပြင်းငလျင်လှုပ်ရာ သေဆုံးသူ ၃၂၇ဦး ရှိသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

အဆိုပါငလျင်မှာ ပြင်းအား ၇ဒသမ ၇ရှိပြီး ငလျင်ဒဏ်အဆိုးရွားဆုံးခံရသော အဝါရမ်ဒေသတွင် လူ ၁၄၅ဦးသေဆုံးကြောင်း၊ ယင်းဒေသနှင့်ကပ်လျက်ရှိသော မတ်ရှ်ကိုင်းနှင့် တာဘတ်ဒေသတွင် ၆၃ဦးသေဆုံးကြောင်း၊ ၃၉၅ဦးဒဏ်ရာရရှိကြောင်း ဘလူချီစတန်ပြည်နယ် အုပ်ချုပ်ရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဂျန်မူဟာမက်ဒ်ဘလူဒီက ပြောကြားသည်။

ငလျင်ဒဏ်ကြောင့် လူနေအိမ်ရာပေါင်းများစွာ ပျက်စီးကြောင်း၊ ရွှံ့ဖြင့်ပြုလုပ်ထားသော လူနေအိမ်များမှာ မြေပြင်နှင့်တစ်သားတည်းဖြစ်သွားကြောင်း၊ အဝါရမ်ဒေသတွင် ပြည်သူ ၁၀၀၀၀၀ခန့် ငလျင်ဒဏ်ခံရကြောင်း အဝါရန်ဒေသမှတာဝန်ရှိပုဂ္ဂိုလ်က ဒေသခံသတင်းဌာနများသို့ ပြောကြားသည်။

ဘလူချီစတန်တောင်ပိုင်းရှိ အဝါရမ်ဒေသတွင် လူဦးရေ ၁၂၀၀၀၀ခန့် နေထိုင်ပြီး ဆင်းရဲနွမ်းပါးဆုံး ဒေသဖြစ်ကြောင်း၊ အဆိုးဆုံးပြဿနာအနေဖြင့် ဆေးကုသပေးမည့် ဆရာဝန်နှင့် လိုအပ်သောဆေးဝါး အကူအညီများမရှိခြင်းကို ကယ်ဆယ်ရေးအဖွဲ့များ ရင်ဆိုင်နေရကြောင်း၊ ငလျင်ကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိသူများအား ကရာချိမြို့ရှိ ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ **ဆင်ဟွာ။**

ငလျင်ဒဏ်သင့်ဒုက္ခသည်များထံသို့ ထောက်ပံ့ရေးပစ္စည်း ပေးပို့ရာ စေတနာရှင်များ လုပ်အားပေးနေကြစဉ်။

အီရတ်တွင်အကြမ်းဖက်မှုများဖြစ်ပွား၊ ၁၇ဦးသေဆုံး၊ ၂၀ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

အီရတ်နိုင်ငံတွင် ဗုံးခွဲမှုများနှင့် ပစ်ခတ်မှုများကြောင့် ၁၇ဦးထက်မနည်း သေဆုံး၍ ၂၀ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၂၄ရက်က ဒီယာလာပြည်နယ်မြို့တော် ဘာကျူဘာအရှေ့ဘက်မှ ကီလိုမီတာ ၅၀ခန့်ကွာဝေးသော နေရာရှိ ဟင်းရိုးန်တောင်ထိပ်တွင် အယ်လ်ခိုင်ဒါစစ်သွေးကြွများ ပုန်းအောင်းနေရာသို့ အီရတ်စစ်ဘက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ကြောင်း၊ စစ်သွေးကြွများက ပြန်လည်တိုက်ခိုက်ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအပြီး အယ်လ်ခိုင်ဒါစစ်သွေးကြွလေးဦးသေဆုံးပြီး ခုနစ်ဦးကို လက်ရဖမ်းမိကြောင်း၊ ၎င်းတို့မှာ အကြမ်းဖက်မှုဖြင့် စွဲချက်တင်ရန် အလိုရှိနေသူများဖြစ်ကြောင်း ပြောကြားသည်။

ဆင်ဟွာ။

နိုင်ရိုဘီကုန်တိုက် တိုက်ခိုက်သူများတွင် အမေရိကန်နိုင်ငံသားများ ပါဝင်သည်ဟုဆို

နိုင်ရိုဘီ စက်တင်ဘာ ၂၅

ကင်ညာနိုင်ငံ ဝက်စ်ဂိတ်ကုန်တိုက်ကို အကြမ်းဖက်တိုက်ခိုက်ကြသည့် စစ်သွေးကြွများတွင် အမေရိကန် ဆယ်ကျော်သက်များပါဝင်ကြောင်း ကင်ညာအစိုးရက စက်တင်ဘာ ၂၄ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းတိုက်ခိုက်မှု၏နောက်ကွယ်မှ ကြိုးကိုင်သောအုပ်စုမှာ အမေရိကန်လူငယ်များကို သိမ်းသွင်းစုဆောင်းခဲ့သော အယ်လ်ရှာဘက်အဖွဲ့ ဖြစ်သည်ဟု ဆိုသည်။

သို့သော် နိုင်ရိုဘီမြို့၏ကုန်တိုက်ကို တိုက်ခိုက်ကြသူများသည် မည်သူမည်ဝါတို့ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း မရှိသေးပေ။ယင်းတိုက်ခိုက်မှု၌ လူပေါင်း ၆၀ကျော် သေဆုံးခဲ့ပြီဖြစ်သည်။ ဝန်ကြီးက အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုတွင် အမေရိကန် နိုင်ငံသားတစ်ဦး သို့မဟုတ် နှစ်ဦးနှင့် ဗြိတိသျှ အမျိုးသမီးတစ်ဦးတို့ပါဝင်နေခြင်းဖြစ်သည်ဟု မိုဟာမက်က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုတွင် အမေရိကန်နိုင်ငံသားများ ပါဝင်နေကြောင်းကို အမေရိကန် တာဝန်ရှိသူများက အတည်မပြုကြောင်း အမျိုးသားလုံခြုံရေး ဒုတိယအကြံပေး ဘင်ရိုဒီးစ်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အကြမ်းဖက်သမားများဟုဆိုသော လူများ၏အမည်များကို အယ်လ်ရှာဘက်က ထုတ်ပြန်ကြေညာခဲ့ရာ အမေရိကန် တာဝန်ရှိသူများက စိစစ်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်နိုင်ငံသား ၄၀မှ ၅၀ခန့်သည် အယ်လ်ရှာဘက်အဖွဲ့နှင့်ပူးပေါင်းတိုက်ခိုက်ရန် ဆိုမာလီနိုင်ငံသို့ သွားခဲ့ကြသည်ကို ၎င်းတို့က သိရှိထားကြောင်း အမိမြေလုံခြုံရေးကော်မတီဥက္ကဋ္ဌ ရီပတ်ဘလီကန်လွှတ်တော်အမတ် မိုက်ကယ်မက်ကောက စီအန်အန်သို့ ပြောကြားခဲ့သည်။

တိုက်ခိုက်သူ သုံးဦးသည် အမေရိကန်များဖြစ်နိုင်ခြေရှိသည်မှာ သေချာပါသည်ဟုဆိုသည်။ **စီအန်အန်။**

ဝက်စ်ဂိတ်ကုန်တိုက်အတွင်း၌ အကြမ်းဖက်သမားနှစ်ဦး လှုပ်ရှားနေပုံကို တွစ်တာပေါ်တွင် ဖော်ပြထားစဉ်။ (ကင်ညာအာဏာပိုင်များက အတည်ပြုခြင်း မရှိပေ)။

ရွှေစားသောမှောင်ခိုခုနစ်ဦး သီရိလင်္ကာလေဆိပ်၌ ဖမ်းဆီးရမိ

ကိုလန်ဘို စက်တင်ဘာ ၂၅

သီရိလင်္ကာနိုင်ငံ ပင်မနိုင်ငံတကာလေဆိပ်တွင် လုံခြုံရေးတပ်ဖွဲ့က လူခုနစ်ဦးကိုစစ်ဆေးရာ ဝမ်းဗိုက်အတွင်း ရွှေအပိုင်းအစများ မျိုချထားခြင်းကို တွေ့ရှိရသဖြင့် ဖမ်းဆီးလိုက်ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်းတို့သည် အိန္ဒိယနိုင်ငံအတွင်းသို့ အဖိုးတန်သတ္တုများကို မှောင်ခိုတင်သွင်းခြင်းဖြင့် သွင်းကုန်ခွန်ရှောင်တိမ်းရန် ကြိုးစားကြခြင်းဖြစ်ကြောင်း ယုံကြည်ရသည်ဟုဆိုသည်။

သီရိလင်္ကာနိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသား ခြောက်ဦးတို့သည် ချင်းနိုင်(မဒရပ်)သို့ ထွက်ခွာမည့် လေယာဉ်ပေါ်သို့တက်ရောက်မည့်ဆဲဆဲတွင် လက်ရဖမ်းဆီးရမိခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းတို့၏ ဝမ်းဗိုက်များအတွင်း၌ ရွှေစ ၂၅စရှိကြောင်းကို စစ်ဆေးတွေ့ရှိရသည်။ ၎င်းရွှေစများကို ခန္ဓာကိုယ်အတွင်းမှ ဝမ်းသက်ခြင်းဖြင့်ထုတ်ယူရန်အတွက် ၎င်းတို့ကို ဆေးရုံသို့ ခေါ်ဆောင်သွားသည်ဟုဆိုသည်။

အဆိုပါခုနစ်ဦးကို လေဆိပ်သို့လိုက်ပို့သောမော်တော်ယာဉ်ကိုလည်း ထိန်းသိမ်းထားသည်ဟု မီဒီယာများက ဖော်ပြသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရွှေဈေးကွက်ဖြစ်သည်။ မကြာသေးမီက ရွှေဈေးကျဆင်းသဖြင့် ရွှေဝယ်လိုအားမှာ သိသာစွာမြင့်တက်လာခဲ့သည်။

ပြည်ပမှ ရွှေတင်သွင်းခြင်းကို ထိန်းချုပ်ရန် ကြိုးစားသော အားဖြင့် လွန်ခဲ့သည့် သီတင်းပတ်က အိန္ဒိယအစိုးရသည် ရွှေသွင်းကုန်ခွန်ကို ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းသို့ မြှင့်တင်ခဲ့သည်။ **ဘီဘီစီ။**



ဖတ်စရာ၊ မှတ်စရာ နိုင်ငံတကာရေးရာ

အေဝမ်းစိုး

ကင်ညာကုန်တိုက် တိုက်ခိုက်ခံရမှုသည် ကမ္ဘာကြီး အန္တရာယ်ရှိနေကြောင်းပြသနေသည်ဟု အိုဘားမားပြော

အမေရိကန်သမ္မတ ဘာရက် အိုဘားမားက လွန်ခဲ့သည့် ငါးနှစ်အတွင်း ကမ္ဘာကြီးပိုမိုတည်ငြိမ်အေးချမ်းလာသော်လည်း ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်တွင် ကုန်တိုက်အကြမ်းဖက်တိုက်ခိုက်ခံရမှုမှာ ကမ္ဘာကြီးအတွက် အန္တရာယ်ရှိနေဆဲဖြစ်ကြောင်းဖော်ပြနေသည်ဟု ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြောကြားလိုက်သည်။ ကုန်တိုက်အကြမ်းဖက် တိုက်ခိုက်ခံရမှုတွင် လူ ၆၀ ကျော်သေဆုံးခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် ဆိုမာလီ စစ်သွေးကြွအဖွဲ့ အယ်လ်ရှာဘတ်သူပုန်များက ၂၀၁၁ခုနှစ်အတွင်း ကင်ညာတပ်ဖွဲ့များက အိမ်နီးချင်း ဆိုမာလီနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် ပြန်လည်လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ပြောကြားသည်။ အယ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့သည် ဒေသတွင်းကွန်ရက်များအတွင်း အဖွဲ့ခွဲအသီးသီးက အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ အစိုးရများ၊ သံတမန်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်သားများကို ကြီးကြီးမားမား ခြိမ်းခြောက်လျက်ရှိသည်ဟု အိုဘားမားက ပြောကြားသည်။

စပိန်စစ်သတင်းထောက် ဆီးရီးယားတွင် ပြန်ပေးဆွဲခံနေရ

စပိန်ပြည်ထဲရေးဝန်ကြီး ဂျော်ဂျီ ဖာနန်ဒက်ဇ် ဒိုင်ယက်ဇ်က ဘာစီလိုနာမြို့အခြေစိုက် El Periodico စပိန်သတင်းစာတွင် အလုပ်လုပ်ကိုင်နေသော သတင်းထောက်တစ်ဦး ဆီးရီးယားနိုင်ငံတွင် အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသည့် စစ်သွေးကြွအဖွဲ့တစ်ဖွဲ့၏ ဓားစာခံအဖြစ်ဖမ်းဆီးခံနေရသည်ဟု စက်တင်ဘာ ၂၄ ရက်တွင်ပြောကြားသည်။ ဖာနန်ဒက်ဇ်က အသက် (၄၆)နှစ်ရှိ သတင်းထောက် မက်စ် မာဂျင်ဒက်စ်သည် စက်တင်ဘာ ၄ ရက်ကတည်းက ဆီးရီးယားနိုင်ငံအနောက်ပိုင်း ဟာမာမြို့အနီးတွင် ၎င်း၏ ယာဉ်မောင်းနှင့်အတူ လက်နက်ကိုင်ဘာသာရေးအစွန်းရောက်အဖွဲ့တစ်ဖွဲ့က ဓားစာခံအဖြစ်ဖမ်းဆီးသွားခဲ့သည်ဟုဆိုသည်။ El Periodico သတင်းစာက မာဂျင်ဒက်စ်သည် ဆီးရီးယားနိုင်ငံသို့ တူရကီနိုင်ငံမှတစ်ဆင့် ၂၀၁၁ ခုနှစ် ပဋိပက္ခများဖြစ်ပွားစဉ်မှစ၍ တတိယအကြိမ်အဖြစ် စက်တင်ဘာ ၁ ရက်တွင် သွားရောက်ခြင်းဖြစ်သည်ဟုဆိုသည်။

ဘင်္ဂလားဒေ့ရှ်အထည်ချုပ်စက်ရုံအလုပ်သမားများ ဆန္ဒပြ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထည်ချုပ်စက်ရုံအလုပ်သမားများက လုပ်ခလစာများတိုးမြှင့်ပေးရန် ဆန္ဒပြလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်များက နံပါတ်တုတ်များ၊ ရော်ဘာကျည်ဆန်များနှင့် မျက်ရည်ယိုဗုံးများအသုံးပြု၍ နှိမ်နင်းလျက်ရှိစဉ် စက်ရုံပိုင်ရှင်များက အထည်အလိပ်များ အမေရိကန်နှင့် ဥရောပသို့တင်ပို့ရန် အချိန်မမီမည်ကို စိုးရိမ်နေကြသည်။ ဆန္ဒပြမှု ငါးရက်မြောက်နေ့ဖြစ်သည့် စက်တင်ဘာ ၂၅ ရက်တွင် ဒါကာမြို့တော်အနီး စက်မှုဇုန်ဧရိယာနှစ်ခုတွင်ရှိသည့် စက်ရုံ ၁၀၀ ကျော်ကို ပိတ်ပစ်ရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြအလုပ်သမားများကြားဖြစ်ပွားသည့် ပဋိပက္ခအတွင်း ထိခိုက်ဒဏ်ရာရသူ အနည်းဆုံး ၁၀ ဦးရှိပြီဟု သိရသည်။ အလုပ်သမားများက တစ်လလျှင် အနည်းဆုံး ဒေါ်လာ ၁၀၀ ဝန်းကျင်ရရှိရန် ဆန္ဒပြနေခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၅

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်စိုးနှင့် ကိုယ်စားလှယ် ၆၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာများနှင့် အဆိုတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၂၅

စက်တင်ဘာ ၂၈ ရက်သည် "World Rabies Day" ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ဖြစ်သည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါတားဆီးတိုက်ဖျက်ရန်နှင့် ခွေးရူးရောဂါကြောင့် ပျက်စီးဆုံးရှုံးမှုများလျော့နည်းစေရန် ကွက်ပြည့်ခွေးရူးရောဂါကာကွယ်ဆေးထိုး ပထမအဆင့်စီမံချက်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အသီးသီးတွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

စက်တင်ဘာ ၂၈ ရက်မှစတင်၍ တစ်ပြိုင်နက် ခွေးရူးရောဂါကာကွယ်ဆေးကို အထက်ဖော်ပြပါ တိုင်းဒေသကြီးအသီးသီးတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့ ပူးပေါင်း၍ ခွေး၊ ကြောင်များတွင် အခမဲ့ထိုးနှံပေးသွားမည်ဖြစ်သည်။ ခွေးရူးရောဂါကာကွယ်ဆေးထိုး ဒုတိယအဆင့်စီမံချက်ကို အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ မြို့နယ်အသီးသီးရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ခွေး၊ ကြောင်များ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆–၉–၂၀၁၃ (ကြာသပတေးနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၇း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၀	ရွှေဟောင်းသုတ
၈း၂၅	DVD Hits
၈း၄၅	မြဝတီနေ့စဉ်သတင်းစာ
၄း၂၅	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၄၅	ဗွီစီဒီကျော်ကြားတေး
၄း၅၀	မွေးမြူသုတ
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်သိမ်း -ခေတ်သစ်အချစ် (အပိုင်း-၃၃)
၆း၃၅	ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ (အပိုင်း-၁၃၆)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ယောကျ်ားဂုဏ်ရည် (အပိုင်း-၃)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၂၀၁၃ ခုနှစ် "ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့"

"World Rabies Day"

(၂၈-၉-၂၀၁၃)

ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးမည်

မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြင်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

ရန်ကုန် စက်တင်ဘာ ၂၅

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုး စီမံချက် အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၉-၂၀၁၃ ရက်အထိ ၂၃ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၁၆၅၅၄ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၃၁၂၉၄၁ ဒသမ ၆၂ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၃၃၂၅၀၀ ဒသမ ၅၃ ကျပ်သန်း စုစုပေါင်း ၆၄၅၄၄၂ ဒသမ ၁၅ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန်(CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၇၇၅၅၁ စီး၊ ကားအရောင်းပြခန်းများ အတွက် ၄၉၀၆၃ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြင်ပနေ အလုပ်လုပ်သူများပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၈၃၉၆၀ စီးတို့ဖြစ်ကြောင်း သိရသည်။ **(သိန်းဌေး)**

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UN-HABITATတို့ ပူးပေါင်း၍"မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း"ကို ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက် အထိ ခြောက်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ စုစုပေါင်းသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဘေးအန္တရာယ်ဆိုင်ရာ ဝေါဟာရများ၊ ဘေးအန္တရာယ်၏ သဘောတရားနှင့် အမျိုးအစားများ၊ ဘေးမဖြစ်မီ၊ ဘေးဖြစ်ပွားနေစဉ်နှင့် ဘေးဖြစ်ပြီးနောက် လုပ်ဆောင်ရန်အချက်များအား ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ချစ်ကြည်မကျိုင် မြို့ချင်းမိုင်မှ ယှဉ်ပြိုင်တူ နွဲ့ ထိုင်း-မြန်မာ သာသနာ့အောင်ပွဲ

ဦးထွန်းထွန်းဦး (သဒ္ဓမ္မဇောတိကဓဇ)

ဩဂုတ် ၂၀ ရက် အင်္ဂါနေ့တွင် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့ မြန်မာအခေါ် ဇင်းမယ်မြို့ရှိ ဝပ်ဆိုင်းမွန်း မြန်မာ ကျောင်းတိုက်ကြီးတွင် ထိုင်း-မြန်မာနှစ်နိုင်ငံမှ သံဃရာဇာ သာသနာပိုင်ဆရာတော်ကြီးများ၊ အထူးထင်ရှားကျော်ကြားသည့် သာသနာ့ဥသျှောင်ဆရာတော်ကြီးများ၊ နှစ်နိုင်ငံသာသနာရေးဌာနမှ တာဝန်ရှိအကြီးအကဲများအပါအဝင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေး တက်ရောက်၍ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်အုပ်ချုပ်ရေးမှူး၊ အရာရှိကြီးများနှင့် သာသနာရေးဌာနအကြီးအကဲများ၊ နှစ်နိုင်ငံ ဒါယကာ၊ ဒါယိကာမ ပရိသတ်များစုံညီစွာ တက်ရောက်ကြပြီး ကျောင်းထိုင်ဆရာတော်အသစ် ခန့်အပ် တင်မြှောက်ပွဲကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ခမ်းနားကြီးကျယ်စွာဖြင့် နှစ်နိုင်ငံအတူလက်တွဲ၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။

ထိုပွဲသို့ တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ဦးဆောင်သော သံဃာတော်များနှင့် လူပရိသတ် ၅၀ ကျော်တို့ပါဝင်သည့် အဖွဲ့သည် ဩဂုတ် ၁၉ ရက် တနင်္လာနေ့ နံနက် ၇ နာရီတွင် အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်ရှိ အထူးဧည့်ခန်းမ ဆောင်၌ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်း မြန်မာ ကျောင်းတိုက်၌ ကျင်းပမည့် ဗုဒ္ဓါဘိသေကမင်္ဂလာ ဘုရားအနေကဇာတင်ပွဲတော်ကြီးနှင့် ကျောင်းထိုင်ဆရာတော် အသစ်ခန့်အပ်တင်မြှောက်ပွဲသို့ တက်ရောက်ကြရန် AIR-BAGAN အထူးလေယာဉ်ဖြင့် ခရီးစတင်ထွက်ခွာကြပါသည်။

ထိုပွဲကျင်းပသည့် ဩဂုတ် ၂၀ ရက်သည် ထိုင်း-မြန်မာသာသနာ့သမိုင်းတွင် ကမ္ပည်းမော်ကွန်းတင်ရမည့် နေ့တစ်နေ့ဖြစ်ခဲ့ပါသည်။ အကြောင်းမှာ ရှေးနှစ်ပေါင်း ၄၅၅ နှစ်ခန့် ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင် ဇင်းမယ်အုပ်ချုပ်ရေးတာဝန်ခံ မြန်မာစစ်ဗိုလ်ကြီးတစ်ဦး ဖြစ်သည့် ဗိုလ်ချုပ်ကြီး ဒဗ္ဗဇေယျစံလံကြာဖန်နှင့်အဖွဲ့မှ တည်ဆောက်လှူဒါန်းထားခဲ့သည့် အကျယ် ၇ ဒသမ ၁ ဧကရှိသော ဇင်းမယ်နန်းတော်မြို့ရိုးအတွင်း အင်္ဂါထောင့်ရှိ ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတိုက်တော်ကြီး၌ (၁၀) ဆက်မြောက်ဖြစ်သည့် ဆရာတော် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးအာသဘ" သည် ၁၉-၈-၂၀၁၁ ခုနှစ်တွင် ပျံလွန်တော်မူသွားခဲ့သဖြင့် လစ်လပ်နေသော ကျောင်းထိုင်ဆရာတော်နေရာတွင် အစားထိုးတင်မြှောက်နိုင်ရန် နှစ်နိုင်ငံအစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် သံဃမဟာနာယကဆရာတော်ကြီးများ ညှိနှိုင်းတိုင်ပင်၍ သင့်တော်သည့်ဆရာတော်တစ်ပါးအား စိစစ်ရွေးချယ်ခဲ့ကြပါသည်။

ထိုကဲ့သို့ ထိုင်း-မြန်မာနှစ်နိုင်ငံအတွက် အဘက်ဘက်မှ ပြည့်စုံသည့် ဆရာတော်ကို ရွေးချယ်ရာတွင် ထိုင်းနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော် သီတင်းသုံးနေထိုင်တော်မူပြီး ထိုင်းနိုင်ငံသားများအား စာသင်၊ စာချ သာသနာပြုလျက်ရှိသော သက်တော် (၆၈)နှစ် သိက္ခာတော် (၄၈)ဝါရှိ ပခုက္ကူမြို့ မြစ်ခြေရွာဇာတိဖွား ဆရာတော်အရှင်ကောဏ္ဍည "ဓမ္မာစရိယ၊ ဒီဃဘာဏက၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဆရာတော်အား နိုင်ငံတော် သံဃမဟာနာယက (၄၇)ပါးစုံညီ အစည်းအဝေးမှ ဝပ်ဆိုင်းမွန်းကျောင်းထိုင်ဆရာတော် အဖြစ်ခန့်အပ်ရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုဆုံးဖြတ်ချက်အတိုင်းပင် ထိုင်းနိုင်ငံသံဃမဟာနာယကအဖွဲ့နှင့် ဒုတိယသာသနာပိုင်ဆရာတော် စုမ်မဒိပ်ဖရဗုဒ္ဓဇိနဂုံ ဆရာတော်ကြီးနှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ကြီးတို့က အတည်ပြုထောက်ခံကြ၍ ဝပ်ဆိုင်းမွန်းမြန်မာကျောင်း ပဓာနနာယကဆရာတော် ခန့်အပ်တင်မြှောက်ပွဲကို နှစ်နိုင်ငံညှိနှိုင်းတိုင်ပင်၍ ကျင်းပကြခြင်းဖြစ်ပါသည်။ ထိုသို့ကျင်းပနိုင်ရန်အတွက် ထိုင်းနိုင်ငံ၏ တည်ဆဲသံဃဥပဒေနှင့် နိုင်ငံတော်မြေယာပိုင်ဆိုင်မှု စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ တာဝန်ရှိပုဂ္ဂိုလ်များ ညှိနှိုင်းတိုင်ပင်ကာ ထိုင်းနိုင်ငံအစိုးရအာဏာပိုင်နှင့် သံဃာတော်များဘက်မှလည်း မြန်မာနိုင်ငံမှ ထိုင်းသာသနာပြု ဆရာတော် အရှင်ကောဏ္ဍည(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို (၁၁)ဆက်မြောက် ဝပ်ဆိုင်းမွန်းမြန်မာကျောင်းထိုင်ဆရာတော်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရန် လက်ခံဆုံးဖြတ်ခဲ့ကြပါသည်။

ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတိုက်ကြီး အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲ၍ အနာဂတ်တွင် ထေရဝါဒသာသနာတော်မြတ်ကြီးကို ထိုင်း-မြန်မာချစ်ကြည်စွာ လက်တွဲဖြန့်ဝေပြီး ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာပရိသတ်များနှင့် မြန်မာမျိုးနွယ် ဒါယကာ၊ ဒါယိကာမများ ဘုရားသွားကျောင်းတက်၊ တရားနာ စသော ကောင်းမှုအထွေထွေကို ရှေးပဝေသဏီကဲ့သို့ ဆက်လက်ပြုကျင့်နိုင်ရန်အတွက် မြန်မာနိုင်ငံသား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ကောဏ္ဍညကို ဝပ်ဆိုင်းမွန်းမြန်မာကျောင်း စောင့်ရှောက်ရေးတာဝန်ခံနှင့် မြန်မာ့သံဃာ့ရေးရာ၌ ကျောင်းတိုက်ကြီး၏ တာဝန်အရှိဆုံး ပဓာနနာယကဆရာတော်တစ်ပါးအဖြစ် တရားဝင်ခန့်အပ်ကြောင်း စာချွန်လွှာကို ထိုင်းနိုင်ငံ "Office of the Nation Buddhism" မှ "H.E.Mr.Nepparat Benjawatananun ၏ ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Kanak-Sanprasert က ဖတ်ကြားလျှောက်ထား၍ ချင်းမိုင်ခရိုင်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာပဏ္ဍိတ အဘိဓမ္မာစရိယ ဖရထန်မင်္ဂလာကျန်-ဖရထေ့ပရိယတ် မြို့တော်ဝန် ဆရာတော်က အဆောင်အယောင်ဂုဏ်ပြုလွှာကို ပေးအပ်ချီးမြှင့်ခဲ့ရာ ဆရာတော်အရှင်ကောဏ္ဍညက ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့ပါသည်။ ထိုအချိန်တွင် နှစ်နိုင်ငံမှ ပရိသတ်များကလည်း သာဓုသံ ဘဝဂ်ညံမျှ ခေါ်ဆိုကြပြီး ကောင်းချီးထောမနာပြုခဲ့ကြပါသည်။

ယင်းနေ့ ပဓာနနာယကဆရာတော်အဖြစ် ခန့်အပ်တင်မြှောက်ပွဲကို အစီအစဉ် (၁၂)ရပ်ပါဝင်သော ထိုင်း-မြန်မာ အစဉ်အလာများဖြင့်ကျင်းပရာ ဦးထွန်းထွန်းဦး (သဒ္ဓမ္မဇောတိကဓဇ)နှင့် မြန်မာသံရုံးမှ ဦးအောင်စိုးတို့က ဘာသာပြန် အခမ်းအနားမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။

ဇင်းမယ်ခရိုင် သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ကြီးက ဩဝါဒပေးရာတွင် "ယနေ့ဟာ အလွန်တရာ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံပြီး ထိုင်းနှင့်မြန်မာသာသနာပြုလုပ်ငန်းကို အတူလက်တွဲပြီး သာသနာပြုကြသည့် နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်ပါကြောင်းနှင့် ယခုခန့်အပ်လွှာကို လက်ခံရယူသည့် မြန်မာဆရာတော်သည် ထိုင်းဘာသာစကား အထူးကျွမ်းကျင်ပြီး ပရိယတ်ပဋိပတ် အတွေ့အကြုံများစွာရှိ၍ ဝပ်ဆိုင်းမွန်းသာသနာနှင့် ဇင်းမယ်မြို့ရှိမြန်မာ ဒါယကာ၊ ဒါယိကာမများအတွက် အားထားမှီခိုကြည်ညိုဖွယ်ရာ ဖြစ်ပြီး သာသနာတော်ကြီးအတွက်လည်း များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ဝပ်ဆိုင်းမွန်းမြန်မာကျောင်း တိုက်ကြီးကို ထေရဝါဒသာသနာနှင့် လျော်ညီသော ကုသိုလ်ရေး ကိစ္စရပ်များအတွက်သာ ဆောင်ရွက်၍ သာသနာနှင့်မလျော်ညီသည့်ကိစ္စရပ်များကို မပြုလုပ်မိကြဖို့ သတိထားရှောင်ရှားစေလိုကြောင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး ထာဝရထွန်းလင်းတောက်ပအောင် ထိုင်း-မြန်မာ နှစ်နိုင်ငံ လက်တွဲညီညာစွာဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကာ သာသနာပြုစေလိုကြောင်း" စသည်ဖြင့် ဩဝါဒများပေးတော်မူခဲ့ပါသည်။

ဆက်လက်ပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးနှင့် သာသနာရေးဌာန ဒုတိယအကြီးအကဲနှင့် ဝန်ကြီးချုပ်ရုံးအကူဝန်ကြီးဌာနမှအကြီးအကဲ မစ္စတာ စုမ်ကိယက်စောရလန်က ဆက်လက်ပြောကြားရာတွင် ယခုကဲ့သို့ ထိုင်း-မြန်မာနှစ်နိုင်ငံမှ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၊ နှစ်နိုင်ငံဌာနဆိုင်ရာအကြီးအကဲများနှင့် ဂုဏ်သရေရှိဧည့်သည်တော်များကို တစ်နေရာတည်းတွင် ဖူးတွေ့ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများသည် နှစ်နိုင်ငံ အိမ်နီးချင်းညီအစ်ကိုမောင်နှမများဖြစ်ကြသလို အဘဘုရားရှင်၏ အမွေခံသားသမီးများအဖြစ် ခံယူထားသူချင်း အတူတူမို့ အချင်းချင်းတစ်စိတ်တစ်ဝမ်းတည်းသောဆန္ဒဖြင့် တစ်ခုတည်းသောနိဗ္ဗာန်သို့ တူညီမြင့်မြတ်သော ယုံကြည်ချက်များဖြင့် ဦးတည်လျှောက်လှမ်းရင်း ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသောပွဲကြီးကို ချစ်ကြည်စွာ အတူယှဉ်တွဲ ကျင်းပခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

အခမ်းနားအဖွင့်တွင် မြန်မာနိုင်ငံသံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးကလည်း ငါးပါးသီလချီးမြှင့်ပြီး "သမဂ္ဂါနံတပေါသုခေါ" ဟူသော ဘုရားဟောဒေသနာနှင့်အညီ ယနေ့ပွဲကြီးသို့ ထိုင်း-မြန်မာနှစ်နိုင်ငံမှ သာသနာရေးဆိုင်ရာအကြီးအကဲများ စုံညီစွာတက်ရောက်ကြသဖြင့် မြတ်ဗုဒ္ဓသာသနာတော်ကြီးအတွက် များစွာအားတက်မိကြောင်း၊ ဆက်လက်ပြီး ယခုကဲ့သို့ သာသနာ့ဆွေမျိုးညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ကြည်စွာဖြင့် အနာဂတ်သာသနာတော်ကြီးကို ကြီးပွားတိုးတက်အောင်အတူလက်တွဲပြီး အစွမ်းကုန် သယ်ပိုးထမ်းဆောင်ကြရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဩဝါဒဒေသနာချီးမြှင့်တော်မူခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေးက ပြောကြားရာတွင် ယခုကဲ့သို့ ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတိုက်ကြီးအတွက် ဆက်လက်သာသနာပြုနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ခွင့်ပြုခဲ့သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍည မထေရ်အား ကျောင်းထိုင်ဆရာတော်အဖြစ် တင်မြှောက်သည့် မဟာမင်္ဂလာအခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခွင့်ရပြီး နှစ်နိုင်ငံသာသနာ့ဥသျှောင်ဆရာတော်ကြီးများကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် သာသနာနှစ် (၂၃၅) ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ သီရိဓမ္မာသောကမင်းကြီးနှင့် ရဟန္တာအရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးတို့မှ သာသနာပြုစေလွှတ်ခဲ့သည့် အရှင်သောဏနှင့် အရှင်ဥတ္တရတို့ စတင်ကြွရောက်ရာဖြစ်သည့် သုဝဏ္ဏဘုမ္မိဒေသထဲတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် မိသားစုအသွင်ပါဝင်ခဲ့ကြပြီး ထေရဝါဒသာသနာတော်မြတ်ကြီး ထွန်းလင်းတောက်ပလာစေရန်အတွက် အတူလက်တွဲ သာသနာပြုခဲ့ကြရာ ယနေ့တိုင် ထွန်းတောက်ဆဲဖြစ်ကြောင်းနှင့် သမိုင်းကြောင်းအရ ထိုင်းနိုင်ငံတွင် ရှေးယခင်မှစ၍ ယနေ့တိုင် မြန်မာဘုန်းတော်ကြီးကျောင်းများကို လက်ခံခွင့်ပြုစောင့်ရှောက်ပေးခဲ့သည့် အတွက်လည်း အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် ယနေ့ ခန့်အပ်သော ကျောင်းထိုင်ဆရာတော်အသစ်သည် ထိုင်းနိုင်ငံတွင် သာသနာပြုလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍အောင်မြင်စွာ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည် စသည်ဖြင့် လျှောက်ထားသွားပါသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းက ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတိုက်ကြီး၏ သမိုင်းကြောင်းကို အကျယ်တဝင့်ပြောကြားပြီး မိမိအနေဖြင့် ယခုကဲ့သို့ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ယခုလို ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်မင်္ဂလာနှင့် ပဓာနနာယကခန့်အပ်တင်မြှောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဤသာသနာပြုပွဲကြီးဖြစ်မြောက်အောင်မြင်စေရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည့် သံဃာ့ရေးရာ၊ လူပုဂ္ဂိုလ်ရေးရာ အကြီးအကဲများနှင့် အဖွဲ့အစည်းအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားခဲ့ပါသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီးကလည်း ထိုနေ့နံနက်တွင် နောက်ပါဒါယကာ၊ ဒါယိကာမများ လိုက်ပါလျက် သာသနာရေး အထူးအားပေးချီးမြှောက်သောအနေဖြင့် အပင်ပန်းခံကာ MAi အထူးစင်းလုံးငှားလေယာဉ်ဖြင့် ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ ဆရာတော်ကြီးက "တို့ ဗုဒ္ဓသာသနာဟာ တစ်ဦးတည်းပိုင် Monopolize ဝါဒမဟုတ်ဘူး။ တစ်ကမ္ဘာလုံးငြိမ်းချမ်းသာယာပြီး ချမ်းသာအစစ်အမှန်ကို ရစေတဲ့ ဗုဒ္ဓမြတ်စွာသာသနာဖြစ်တယ်။ ဒါကြောင့် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းအတွက်မဟုတ်ဘဲ အများအတွက် စုပေါင်းဝိုင်းဝန်းပြီး သာသနာရေးအတွက် ချစ်ကြည်ညီညွတ်စွာ ပညာ၊ မေတ္တာကို လက်ကိုင်ထားပြီး လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့်ဆက်လက်ကြိုးစားကြဖို့ရန် အားပေးစကား ဩဝါဒတရားများကို မြွက်ကြားခဲ့ပါသည်။

ထို့ပြင် ဆရာတော်ကြီး ဦးဆောင်သော ဒါယကာ၊ ဒါယိကာမများက ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတွင်းရှိ ရှေးဟောင်းစေတီတော်ကြီး ပြန်လည်မွမ်းမံပြင်ဆင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော် မတည်ပြီး ကျောင်းထိုင်ဆရာတော်ဦးကောဏ္ဍညထံသို့ကပ္ပိယမှတစ်ဆင့် အပ်နှံလှူဒါန်းခဲ့ပါသည်။ အခမ်းအနားတွင် နောက်ဆုံးအစီအစဉ်အရ ယင်းနေ့ နံနက် ၅ နာရီတွင် ဆရာတော်ကြီးများ စုပေါင်း၍ ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်ထားသော မြန်မာနိုင်ငံမှ ပင့်ဆောင်လာသည့် ပန်းပေါင်းဗုဒ္ဓရုပ်ပွားတော် ၅၅ ဆူနှင့် စကျင်ဗုဒ္ဓရုပ်ပွားတော် ၂၅ ဆူ၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် ၁၅ ဆူတို့ကို အခမ်းအနားသို့ ကြွရောက်လာကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပရိသတ်တို့အား သံအမတ်ကြီးနှင့် ဒုတိယဝန်ကြီးတို့အဖွဲ့က အားလုံးပူဇော်နိုင်ကြရန် တစ်ဦးလျှင် တစ်ဆူစီ ပြန်လည်လှူဒါန်းပေးအပ်ခဲ့ကြပါသည်။

ယင်းနောက် ဆရာတော်ကြီးများက ထိုင်း-မြန်မာနှစ်ဘာသာဖြင့် ရေစက်ချ အမျှပေးဝေကြပြီး ပရိသတ်များကလည်း မိုးလုံးထက်ယံ ဘဝဂ်ညံအောင် သာဓုသံသုံးကြိမ်ကို ညီညာစွာ ခေါ်ဆိုကြပါသည်။ ထိုအချိန်တွင် မြန်မာ့မင်္ဂလာဆိုင်းတော်အဖွဲ့က အောင်စည်ယွန်း၍ သစ္စာမေတ္တာရွှေမန်းသဘင် အလင်္ကာမျိုးဆက်သစ်များဖြစ်ကြသည့် တင်မောင်ဆန်းမင်းဝင်းနှင့် ကျော်ကျော်ဗိုလ်တို့အဖွဲ့ကလည်း "အောင်ပါစေ သပြေနုခက်ဝေ" မင်္ဂလာဆုတောင်း သီချင်းဖြင့် သီဆိုပူဇော်၍ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

ယခုအခါ ဝပ်ဆိုင်းမွန်းမြန်မာကျောင်းကို အကြောင်းပြု၍ ထိုင်း-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးများ ရှေးယခင်ကထက် ပိုမိုတိုးတက်လာပြီမို့ ဆက်လက်၍ အမျိုး၊ ဘာသာ၊ သာသနာအကျိုးရည်မြော်ကိုးပြီး ဗုဒ္ဓဘာသာဝင်အားလုံး စုပေါင်းလက်တွဲကာ ထိုင်း-မြန်မာ အနာဂတ်သာသနာ ဆက်ချီလင်းစေဖို့ တက်ညီစွာ ဝိုင်းဝန်းကြိုးပမ်းကာ သာသနာပြုကြဖို့ တိုက်တွန်းလိုက်ရပါသည်။ ။





ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုမှ ဖြစ်ပေါ်သည့်ရောဂါများကြောင့် နှစ်စဉ် လူဦးရေ ငါးသန်းကျော် သေဆုံးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၅

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး**(ယာပုံ)**က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ် လူဦးရေငါးသန်းကျော်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုမှ ဖြစ်ပေါ်သည့် ရောဂါများကြောင့် သေဆုံးလျက်ရှိကြောင်း၊ အများပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် ကွန်ဗင်းရှင်းပါအချက်များကို အခြေခံသည့် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

ဥပဒေပြဋ္ဌာန်းခဲ့သည်မှာ ခုနစ်နှစ်ကျော်ရှိခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အထိ ဆေးလိပ်ကြော်ငြာများနှင့် အရောင်းမြှင့်တင်မှုပုံစံအမျိုးမျိုး၊ အခြေခံပညာကျောင်းများအနီးတွင် ဆေးလိပ်ရောင်းနေသည်ကို တွေ့ရှိနေရသေးကြောင်း။

ထို့ကြောင့် ဥပဒေအချက်များကို ပြည်သူလူထုအနေနှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်အောင် ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုအပ်နေသေးသည့်အပြင် ဥပဒေအရ အရေးယူဆောင်ရွက်ရန်လည်း လိုအပ်နေသည်ကို တွေ့ရပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ နည်းဥပဒေတွင် ထည့်သွင်းသင့်သည့်အချက်များ၊ နှီးနွှယ်ဝန်ကြီးဌာနအသီးသီးက ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စီမံချက်တာဝန်ခံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်စားလှယ်များ၊ နှီးနွှယ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးရဲမြင့်အောင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နီပေါဖယ်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအေးခိုင်အား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်စွာမင်းအား ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

✿ ကျောဖုံးမှ

(KBZ ကွင်း)
မကွေး-လေးဂိုး
(ကျော်မြင့်ထွန်း-သုံးဂိုး၊ နန္ဒကျော်)
GFA-ဂိုးမရှိ

အုပ်စုအဖွင့်ပွဲစဉ်တွင် Southern အသင်းနှင့်သရေကျခဲ့သည့် မကွေးအသင်းမှာ ပထမတန်းကလပ် GFA အသင်းကို ဂိုးပြတ်သွင်းကာ နိုင်ပွဲစတင်ရရှိခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း မကွေးအသင်းက အဆုံးသတ်သေချာသောကြောင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မကွေးအသင်းအတွက် အနိုင်ဂိုးများကို ကျော်မြင့်ထွန်းက ၇ မိနစ်၊ ၅၆ မိနစ်နှင့် ၈၁ မိနစ်တွင် သုံးဂိုး၊ နန္ဒကျော်က ၂၆ မိနစ်တွင် တစ်ဂိုးတို့သွင်းယူခဲ့သည်။ GFA အသင်းမှာ နှစ်ပွဲဆက်ရှုံးနိမ့်ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

(YUSC ကွင်း)
ဇွဲကပင်-နှစ်ဂိုး
(သန်းဇော်မျိုးနှင့်ချစ်မိုးဦး)
Best United-ဂိုးမရှိ

(ပဒုမ္မာကွင်း)
ဧရာဝတီ-တစ်ဂိုး
(အောင်ကျော်မျိုး)
မြဝတီ-ဂိုးမရှိ

(ဗထူးကွင်း)
ရတနာပုံ-သုံးဂိုး
(ဇင်မင်းထွန်း-နှစ်ဂိုး၊
အောင်မြင့်အေး)
ချင်း-နှစ်ဂိုး
(ဆမ်လန်မောင်နှင့် ရမ်လာကျဲ)

ယနေ့ပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ဇွဲကပင်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ ဟံသာဝတီက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ နေပြည်တော်အသင်းနှင့် Best United တို့က တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်စီ၊ အုပ်စု(ခ)၌ ဧရာဝတီနှင့် မနောမြေတို့က တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်စီ၊ ဇေယျာရွှေမြေက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ မြဝတီက နှစ်ပွဲရှုံး အမှတ်မရသေးပေ။ အုပ်စု(ဂ)၌ ကမ္ဘောဇက နှစ်ပွဲနိုင် ခြောက်မှတ်၊ မကွေးက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ဆောက်သမ်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ GFA က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးဘဲ အုပ်စု (ဃ)၌ ရတနာပုံက နှစ်ပွဲနိုင် ခြောက်မှတ်၊ ရန်ကုန်ကတစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ချင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ ရခိုင်က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ဇွဲကပင်၊ ကမ္ဘောဇနှင့် ရတနာပုံတို့မှာ အုပ်စုတက်သွားမည် ဖြစ်သည်။

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - ရွှင်းထက်ဇော်

○ နာမည်ကျော်မှ

ပြန်ကြားရေးမီဒီယာများတွင် တွေ့ရှိရသည်။ စက်ရုပ်၏ အရွယ်အစားမှာ ပေ ၂၀ ဝန်းကျင်ခန့် အမြင့်ရှိပြီး သတ္တုစပ်ဖြင့် ပြုလုပ်ထားသောကြောင့် ကလေးကစားစရာအရုပ်များထက် ပိုမိုလေးလံပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၇၀၀ ခန့် ရှိသည်ဟု သိရှိရသည်။ စစ်ပွဲများတွင် အသုံးပြုလေ့ရှိသည့် တိုက်ခိုက်ရေးစက်ရုပ်များတွင် ပါဝင်သောလက်နက်များ တပ်ဆင်ထားသကဲ့သို့ ရုပ်ရှင်ဇာတ်ကားများမှ တိုက်ခိုက်ရေးလမ်းလျှောက်စက်ရုပ် AT-ST ပုံစံနှင့် ခွဲမရနိုင်အောင် ဖန်တီးတည်ဆောက်ထားသည်ဟု သိရှိရသည်။ အမေရိကန်နှင့် ဥရောပတစ်လွှားရှိ ရုပ်ရှင်ဇာတ်ကားစွဲလမ်းနှစ်ခြိုက်သူများသည် မိမိတို့ ကြိုက်နှစ်သက်ရာ ဇာတ်ကောင်ပုံတူများကို ဝယ်ယူစုဆောင်းလေ့ရှိသည့်အတွက် ယခုပြုလုပ်တည်ဆောက်ထားသော လမ်းလျှောက်စက်ရုပ်မှာ ဇာတ်ကားအတွင်းမှ အရွယ်အစားနှင့် ပုံသဏ္ဌာန်ကို ခွဲမရနိုင်အောင် တုပပြုလုပ်ထားသဖြင့် သူ၏ ပရိသတ်များအကြိုက်တွေ့နိုင်ကြောင်း မီဒီယာစာမျက်နှာများတွင် ဖော်ပြထားချက်အရ သိရသည်။ **(Tikilar)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ကန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃) သုဝဏ္ဏ၊ လူနေရပ်ကွက် အမှတ်(နှင်းဆီကုန်း)၊ စံပယ်လမ်း၊ မြေကွက်အမှတ်(၁၆/က)၊ မြေပေါ်တွင် NTG Construction Co,Ltd မှ ဆောက်လုပ်ထားသော (၃)ထပ်ခွဲအဆောက်အအုံသစ်၏ ပထမထပ်(A3ဟု ခေါ်သော) အခန်းအား ကန်ထရိုက်တာ ဦးဇော်ဇော်နှင့် ဦးကျော်သီဟတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါကလက်မခံဘဲ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာကျော်စွာအောင်
[၁၂/စခန(နိုင်)၀၄၇၂၆၇]
ဖုန်း ၀၉-၅၁၆၇၅၆၄၊
၀၉-၄၂၀၁၈၂၁၇၂

✱ ထားဝယ်မှ

အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးတွင် အထူးလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေးမူဝါဒဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အထူးလုပ်ငန်းအဖွဲ့နှင့် အီတာလျံ၊ ထိုင်းကုမ္ပဏီတို့အကြား သုံးပွင့်ဆိုင်ဆက်လက်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်သည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များကို သုံးသပ်ပြီး ထားဝယ်အထူးစီးပွားရေးဇုန်တွင် ပြန်လည်နေရာချထားရေးလုပ်ငန်းဆိုင်ရာ အခြေအနေများကို ဆွေးနွေးကြသည်။ **(ယာပုံ)**

ထားဝယ်အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ မြန်မာ-ဂျပန်နှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်ထားပြီး ပထမအကြိမ် မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသား TB ရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် Global Fund တို့ ပူးပေါင်းဆောင်ရွက်သည့် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးဦးစီးဌာန TB ရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် ပူးပေါင်း၍ Global Fund ၏ ငွေကြေးအထောက်အပံ့ဖြင့် ရပ်ရွာအခြေပြု TB ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးစီမံချက်ကို ၂၀၁၁ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီးမြို့နယ်မပါ)နှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ၂၆ မြို့နယ်၊ နေပြည်တော် သုံးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး တစ်မြို့နယ်တို့တွင် တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် TB စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သည့် မြို့နယ်များမှ စေတနာ့ဝန်ထမ်းများကို ဗဟိုအဆင့် နည်းပြသင်တန်းများ ပို့ချခဲ့ပြီးဖြစ်သည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ပို၍သွက်လက်တိကျစေရန် ရည်ရွယ်၍ နည်းပြသင်တန်းဆင်း စေတနာ့ဝန်ထမ်းများကို မွမ်းမံသင်တန်းပေးရန် ရည်ရွယ်၍ (Refresher Training for Volunteers Of Community Based TB Care Project) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသား TB ရောဂါတိုက်ဖျက်ရေးဌာနမှ ဆရာဝန်ကြီးများ၊ စီမံချက်ဝင်မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စေတနာ့ဝန်ထမ်း အသင်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စီမံချက်ဝင် ၆၉ မြို့နယ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်းပေး

နေပြည်တော် စက်တင်ဘာ ၂၅

မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် မုဒုံမြို့နယ်အတွင်းရှိ ကမာဝက်ချောင်းရေမြင့်တက်ကာ ကမာဝက်ကျေးရွာ ရှမ်းရွာရပ်ကွက်တွင် ရေများဝင်ရောက်လျက်ရှိသဖြင့် ယင်းရပ်ကွက်အတွင်းရှိ အိမ်ထောင်စုငါးစု လူဦးရေ ၂၇ ဦးအား တပ်မတော်သားများနှင့် ကျေးရွာတာဝန်ရှိသူများက ရေဘေးလွတ်ရာ ရှမ်းစုကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ **(မြဝတီ)**

ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်

နတ္တလင်း စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ္တလင်းမြို့နယ်တွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည့် တောင်ယာတောကျေးရွာအုပ်စု အိမ်ထောင်စု ၃၉၆ စု၊ လူဦးရေ ၁၅၈၇ ဦး၊ ရေမွှေးကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၄၀၅စု၊ လူဦးရေ ၁၃၅၆ ဦးတို့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်ပညာရေးမှူး၊ ကြက်ခြေနီတပ်ဖွဲ့၊ ခရိုင်မီးသတ်တပ်ဖွဲ့နှင့် အခြားလူမှုရေးအဖွဲ့အစည်းများက သွားရောက်၍ ဆန်၊ အဝတ်အထည်၊ ကြာဆံထုပ်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငွေကြေးနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(တင်မြင့်)**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

အန္တရာယ်များသည့် သဲစုပ်စက်လှေနှင့် စက်တပ်ရေယာဉ်များ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အနောက်ခြမ်းရှိ တစ်ဖက်ကမ်းကျေးရွာများမှာ နေ့စဉ် လှိုင်မြစ်(ရန်ကုန်မြစ်)ကိုကူးပြီး ကျောင်းတက်၊ ရုံးတက်၊ လက်လုပ်လက်စား စီးပွားရှာကြရသူများဖြစ်သည်။ ထိုကျေးရွာများရှိ ကျောင်းများသို့လည်း ကျောင်းဆရာ ဆရာမများ၊ လျှပ်စစ်ဝန်ထမ်း အစရှိသော တာဝန်ရှိသူများမှာ နေ့စဉ်နှင့်အမျှ ကူးသန်းသွားလာနေကြသည်။

ထိုသို့ ခရီးသည်တင်စက်တပ်ရေယာဉ်များ သွားလာရေးလမ်းကြောင်း၌ ကုန်တင်သင်္ဘောကြီးများက အလယ်မှ ပိတ်ဆို့သကဲ့သို့ရှိနေသလို ထက်အောက်ဝဲယာ ဘော်ယာများတွင်လည်း သင်္ဘောတွဲအထပ်များစွာ ရှိနေကြသည်။ ယင်း ထက်အောက်ဝဲယာ ဘော်ယာများကြားမှ ကူးသန်းသွားလာကြရသော စက်တပ်ရေယာဉ်များမှာ အန္တရာယ် အလွန် နီးကပ်လျက်ရှိနေသည့် ကြားမှပင် သဲစုပ်စက်လှေများက အုံလိုက်ကျင်းလိုက် အုပ်စုဖွဲ့ကာ ငါးစင်း၊ ခြောက်စင်း နေရာလပ်မချန် သဲများစုပ်ယူနေကြခြင်းကြောင့် ယာဉ်လမ်းကြောင်းသွားလာရေးအခက်တွေ့နေကြကြောင်း ရေယာဉ်လုပ်သားများထံမှ သိရသည်။



ထို့ပြင် အဆိုပါသဲစုပ်စက်လှေများသည် ဂျာနယ်၊ သတင်းစာများတွင် ပါပြီး နှစ်လလောက် ရှင်းလင်းသွားကြသော်လည်း မေ့လောက်လျှင် အုပ်စုဖွဲ့ကာ ခရီးသည်တင်ယာဉ်လမ်းကြောင်းများပါ မကျန်အောင် စုပ်ယူနေကြသည်။

ယင်း ဗားကရာဆိပ်ကမ်းသည် လွန်ခဲ့သော အနှစ် ၇၀/၈၀ ကတည်းက ခရီးသည်တင်ချဆိပ်ကမ်းဖြစ်ခြင်း၊ အလတ်ချောင်း တစ်ရပ်ကွက်တည်းသာ သွားလာရသော ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့ပြီး ယခုဆိုလျှင် ဆိပ်ကြီး၊ ဦးမြ၊ ငါးစင်စသည့် သုံးရွာမှ ကူးတို့များ၊ စက်တပ်ရေယာဉ်များပါ ကူးသန်းရောင်းဝယ်နေကြသော ဆိပ်ကမ်းတစ်ခု ဖြစ်လာသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတို့မှ ရေလမ်းကြောင်း ရှင်းလင်းပေးစေလိုကြောင်းခရီးသွားပြည်သူများနှင့် ရေယာဉ်လုပ်သားများထံမှ သိရသည်။

(ရွှေတိုင်လွင်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ ထပ်မံထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
တိုင်တန်းချက်များလက်ခံခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်း၍ ကော်မရှင်ရုံးကို ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းအမှတ်(၂၇)တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရပါက အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း/လက်ကိုင်ဖုန်း-ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)၊

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သော အထောက်အထားများပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

၃။ အထူးသဖြင့် တိုင်တန်းချက်များ ရေရာသေချာစေရေးအတွက် တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲလျက် ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇) ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လာရောက်၍ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ ကော်မရှင်အနေဖြင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အထက်ဖော်ပြပါ အပိုဒ် ၂(က)၊(ခ)၊(ဂ) နှင့် ၃ တို့တွင် ဖော်ပြပါရှိသည့် အချက်များကို ပြည့်စုံစွာဖော်ပြရန် လိုအပ်ပါသည်။

၅။ တရားရုံးတစ်ရပ်ရပ်သို့ အမှုဖွင့်တိုင်တန်းထားပြီး အမှုများ၊ တရားရုံးတစ်ရပ်ရပ်က စစ်ဆေးဆဲအမှုများနှင့် တရားရုံးတစ်ရပ်ရပ်က ဆုံးဖြတ်ချက် ချမှတ်ထားပြီးသောအမှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များသည် ဤကြော်ငြာစာတွင် အကျုံးဝင်ခြင်းမရှိပါ။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လက်ခံရရှိသော တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းမည်ဖြစ်ပါသည်။

၇။ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖောက်ဖျက်ခံရသည်မှာ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၉-၂၀၁၃ (ကြာသပတေးနေ့)
[၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]

၆:၀၀	ပရိတ်တရားတော်
၆:၄၅	ဘုတလင်မြို့ကြောင်ပန်းတောရ “ကျေးဇူးရှင်ပထမဆရာတော် အရှင်ကုန္ဒက၏ တစ်ဘဝသာသနာ ထေရုပ္ပတ္တိဖြစ်စဉ်”
၉:၂၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ (ဂီတရိပ်သာ)
၉:၄၅	“ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ” (Borobudur, Indonesia)
၁၀:၁၅	ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ခန့်စည်သူ၊ အိချောပို)
၁၀:၃၅	“ဖွားချစ်ကတားမြစ်ထားသည်”
၁၁:၀၀	“သန့်စွာကိုင်လေစက္ကူငွေ”
၁၂:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂:၂၅	မြန်မာဗီဒီယိုဇာတ်လမ်း “မင်္ဂလာရှိသောနေ့ရက်များ” (ကျော်ကျော်ဗို၊ ရဲအောင်၊ မို့မို့မြင့်အောင်၊ စန္ဒီမြင့်လွင်) (ဒါရိုက်တာ-ကုသိုလ်)
၂:၀၅	တေးဂီတအစီအစဉ်
၃:၁၅	သုခမရင်ခွင်အငြိမ့်သဘင် “ဟားစတိုင်အငြိမ့်” (မင်းသမီး- ခိုင်ဝင့်ဖြူ၊ လူရွှင်တော်-စတားကောင်းထက်၊ ကောင်းမွန်၊ လှိုင်ဘွား၊ ငွေခဲ)
၄:၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၈:၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း
၈:၃၅	“တစ်ပြည်ဝင်အိုး” (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-ဝင်းမောင်ရွှေ (ART))
၉:၀၀	ပြည်တွင်းသတင်း -ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -နိုင်ငံခြားဇာတ်လမ်းတွဲ “နိမိတ်ပုံရိပ်” (အပိုင်း-၃၆)

❑ ဘိလပ်မြေစက်ရုံများမှ

ဘိလပ်မြေစက်ရုံ သုံးရုံနှင့် ပုဂ္ဂလိကစက်ရုံ ၁၂ ရုံရှိပြီး တစ်နှစ်လျှင် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်မှုမှာ ဘိလပ်မြေတန်ချိန် ၄ ဒသမ ၀၂ သန်းဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အသစ်တည်ဆောက်နေသော ဘိလပ်မြေစက်ရုံ ကိုးရုံရှိပြီး ၂၀၁၅ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းကြောင်း၊ အဆိုပါ ဘိလပ်မြေစက်ရုံများအားလုံး တိုးချဲ့တည်ဆောက်ပြီးစီးပါက နှစ်စဉ်ဘိလပ်မြေတန်ချိန် ၁၀ ဒသမ ၅၃ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်လျက်ရှိရာ တိုးတက်မြင့်မားလာသည့် တည်ဆောက်ရေး လုပ်ငန်းများကြောင့် ကမ္ဘာနှင့်အဝှမ်းရှိ ဘိလပ်မြေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသည့်သူများနှင့် Ready-Mix Concrete ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် လမ်းများ၊ ဆိပ်ကမ်းများ၊ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများ၊ အထူးစီးပွားရေးဇုန် တည်ဆောက်ရေး လုပ်ငန်းများစသည့် စီမံကိန်းများအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်မည့် အဓိကပံ့ပိုးသူများဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ဘိလပ်မြေထုတ်လုပ်မှုဆိုင်ရာ ကုန်ကြမ်းများထုတ်ယူသုံးစွဲမှုနှင့် စက်ရုံများမှ ထုတ်လွှတ်သည့် ဓာတ်ငွေ့များကြောင့် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လူမှုရေးနယ်ပယ်များနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပျက်စီးမှုလျော့နည်းစေရန် ရေရှည်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်မှုအတွက် စွမ်းအင်သုံးစွဲမှု နှုန်းလျှော့ချရန် လိုအပ်သကဲ့သို့ ကာဗွန်ထုတ်လုပ်မှုကဲ့သို့ မလိုလားအပ်သော သက်ရောက်မှုများမှ ကာကွယ်ရန် နည်းလမ်းများကို စဉ်းစားရမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်နှင့်အညီ ဘိလပ်မြေထုတ်လုပ်တင်သွင်းသူများအနေဖြင့် အနာဂတ်တွင် များပြားလာမည့် ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် အစားထိုးစွမ်းအင်အသုံးပြုနိုင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသော စီးပွားရေးပညာရှင်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ဘိလပ်မြေ ထုတ်လုပ်သူများ ပါဝင်သည့်အဖွဲ့များအနေဖြင့် ယခုဆွေးနွေးပွဲမှ ရလဒ်ကောင်းများရရှိစေရန် မျှော်လင့်မိပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

စင်ကာပူနိုင်ငံ Centre for Management Technology (CMT) မှ စီစဉ်မှုဖြင့် ယခုဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေနှင့်အညီ ဖမ်းဆီးသည့် ရဲတပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်ရာ၌ ပါဝင်ကျူးလွန်သူများကို တည်ဆဲဥပဒေအရ အရေးယူနိုင်ရန်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၅

ဇေယျာသီရိမြို့နယ်အတွင်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နေပြည်တော် သတင်းစာတိုက်အတွက် မြေသိမ်းဆည်းခဲ့စဉ်က ပါသွားသော တောင်သူများနှင့် နစ်နာကြေးပေးလျော်စဉ် ကျန်ရှိခဲ့သော တောင်သူများအား မြေယာလျော်ကြေးပေးအပ်ရေးအဖွဲ့မှစိစစ်ပြီး နစ်နာကြေးများပေးချေခြင်းကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီအထိ သတင်းစာတိုက်၌ နစ်နာကြေးပေးချေရန် ကျန်ရှိသူ တောင်သူ ၄၁ ဦးနှင့် သက်ဆိုင်သည့် လယ်ယာမြေ ၁၁၇ ဒသမ ၉၉ ဧကအနက် တောင်သူ ၂၇ ဦးသို့ ယာမြေ ၆၀ ဒသမ ၈၀၅ ဧကအတွက် နစ်နာကြေးငွေကျပ် ၁၅၂ သိန်းကျော်ကို ထုတ်ပေးခဲ့ပြီး ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)မှ နစ်နာကြေးပေးရန် ကျန်ရှိသူတောင်သူ ၂၈ ဦးနှင့်သက်ဆိုင်သည့် ယာမြေ ၁၁၉ ဒသမ ၃၅ ဧကအနက် တောင်သူငါးဦးသို့ ယာမြေ ၁၆ ဒသမ ၃၅ ဧကအတွက် နစ်နာကြေး ငွေကျပ်သိန်း ၄၀ ကျော်ကို ထုတ်ပေးခဲ့ပြီး ကျန်တောင်သူများကိုလည်း ဆက်လက်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ခေတ်အေးကျေးရွာအုပ်စုအတွင်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာတိုက်ပိုင် အကွက်ကြီးအမှတ် ကြေးတိုင်(၄/၅)၊ ၁၆၆ ဧကခန့်အတွင်းသို့ ဝင်းလှိုင်ဦးဆောင်သည့် တောင်သူ ၂၀ ခန့်က ကျွဲ/နွားထွန်များဖြင့် ဝင်ရောက်ကျူးကျော်ထွန်ယက်ခြင်း၊ စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဝဲကြီးကျေးရွာမှ ထွန်းထွန်း၊ ဝင်းလှိုင်၊ ဒေါ်ခင်အေးနှင့် ဒေါ်ဝင်းကြည်တို့ ဦးဆောင်သော အဖွဲ့များက ကျွဲ/နွားထွန်များဖြင့် ဝင်ရောက်ကျူးကျော်ထွန်ယက်ခြင်း၊ ယူကလစ်ပင် ၈၉ ပင်ကို ခုတ်လှဲဖျက်ဆီးခဲ့ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်က တရားလိုပြုလုပ်၍ ဝင်းလှိုင်ပါ အမှုတွင် ဆက်စပ်ပါဝင်ကျူးလွန်သူအားလုံးတို့အပေါ် ရွှေတွင်းကုန်း မြို့မ ရဲစခန်း၌ (ပ)၆၁/၁၃၊ (ပ)၆၂/၁၃၊ (ပ)၁၀၄/၁၃၊ (ပ)၁၀၅/၁၃၊ ပပက ၆(၁)တို့ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၁၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များသည် တာဝန်ချိန်ရဲဝတ်စုံဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ဆယ်အိမ်မှူးများဖြစ်ကြသော ဦးဝင်းဇော်၊ ဦးစိုးအောင်နှင့် ဦးဌေးဝင်း၊ ရပ်မိရပ်ဖ ဦးဝင်းစိန်နှင့်အတူ အဆိုပါ ပြစ်မှုကျူးလွန်သူများအား ဝင်ရောက်ဖမ်းဆီးရာ ပြစ်မှုကျူးလွန်သူ ဇော်လတ် (ဝဲကြီးကျေးရွာ NLD ပါတီ ရပ်/ကျေးစည်းရုံးရေးမှူး)နှင့် မိသားစုများက “ဓားပြ”၊ “သူခိုး” ဟု အော်ဟစ်ခြင်း၊ “မီး” “မီး” ဟု အော်ဟစ်ခြင်း၊ ဇော်လတ်၏ဇနီး မမာသင်းက ဝတ်ဆင်ထားသော ထဘီကိုချွတ်၍ “မုဒိမ်းကျင့်သည်”ဟု လီဆယ်အော်ဟစ်ခြင်းတို့ကြောင့် ကျေးရွာသူ ကျေးရွာသား ၃၀၀ ခန့်တို့က တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ပြေးဝင်လာရာ ရဲတပ်ဖွဲ့ခေါင်းဆောင်ဖြစ်သူက ပြစ်မှုကျူးလွန်သူများအား လာရောက် ဖမ်းဆီးခြင်းဖြစ်ကြောင်း ရှင်းပြသော်လည်း ဝဲကြီးကျေးရွာနေ အောင်ကျော်မိုး၊ စန်းလွင်၊ သက်နိုင်၊ စိုးမြင့်နှင့် ထွန်းလတ်ပါ ငါးဦးတို့ ဦးဆောင်၍ အကြမ်းဖက်လိုသော ရွာသူရွာသားများက ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုတ်၊ တုတ်ဖြင့် ရိုက်နှက်ခဲ့ရာ တပ်ဖွဲ့ဝင်ခုနစ်ဦးတို့တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ခန္ဓာကိုယ်ပြင်းထန်ဒဏ်ရာများ၊ ဖူးရောင်သွေးထွက် နာကျင်ဒဏ်ရာများ ရရှိခဲ့သည်။ ထို့ပြင် ဥပဒေနှင့်အညီ ကျူးလွန်သူများအား ဖမ်းဆီးရေး ဆောင်ရွက်သည့် ရဲတပ်ဖွဲ့ဝင်များကို ကျေးရွာအပြင်သို့ မထွက်နိုင်အောင် ဝိုင်းဝန်းပိတ်ဆို့ထားခဲ့သည်။

စက်တင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါ ဝဲကြီးကျေးရွာသို့ ထပ်မံဝင်ရောက်၍ ဥပဒေမဲ့ ဆောင်ရွက်ခဲ့သည့် ကျေးရွာသူ ကျေးရွာသားများက မတရားပိတ်ဆို့ ထိန်းသိမ်းထားသော ရဲတပ်ဖွဲ့ဝင်များနှင့် ဒဏ်ရာရသူ ရဲတပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ထုတ်ခဲ့သည်။ ထို့နောက် ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင်များအား နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစေခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ ဖမ်းဆီးရေး ဆောင်ရွက်ခဲ့စဉ် ဥပဒေမဲ့စွာဖြင့် တာဝန်ချိန်ဝတ်စုံ ဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များ ဖြစ်မှန်းသိလျက် အကြမ်းဖက်လိုသူကျေးရွာသူ ကျေးရွာသားများကို ဦးဆောင်ခဲ့သူများဖြစ်သည့် အောင်ကျော်မိုး၊ စန်းလွင်၊ သက်နိုင်၊ စိုးမြင့်၊ ထွန်းလတ်နှင့် ဇော်လတ်ပါ လေးဦးတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိစဉ် ၎င်းတို့သည် ကျေးရွာမှထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ထွက်ပြေးတိမ်းရှောင်နေသည့် ဇော်လတ်ပါ ၁၀ ဦးအား တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလိုလားသည့် ပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာတွင် ဒဏ်ရာရတပ်ဖွဲ့ဝင်များအား သွားရောက်ခေါ်ယူစဉ် လူစုလူဝေးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖြေလျှော့မှုများ ပြုလုပ်နေစဉ်။

(သတင်းစဉ်)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

လေးနှစ်ပြည့်နှစ်ပတ်လည်အထူးအစီအစဉ်များ ထုတ်လွှင့်မည့် ပတ္တမြားအက်ဖ်အမ်

ရန်ကုန်　စက်တင်ဘာ　၂၅

၂၀၀၉ ခုနှစ်မှ စတင်ထုတ်လွှင့်ခဲ့သော ပတ္တမြားအက်ဖ်အမ်သည် ယခုလာမည့် အောက်တိုဘာ ၁ ရက်၌ လေးနှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ ပတ္တမြားအက်ဖ်အမ်၏ စတုတ္ထနှစ်ပတ်လည်အထူးအစီအစဉ်များကို စက်တင်ဘာ နောက်ဆုံးပတ်မှ စတင်ထုတ်လွှင့်မည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်တွင် နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ ထူးထူးခြားခြားထုတ်လွှင့်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

အထူးအစီအစဉ်များအဖြစ် ပရိသတ်များက ပတ္တမြားအက်ဖ်အမ်အစီအစဉ်တင်ဆက်သူများထံ သိလိုသမျှမေးမြန်းချက်များကို ဖုန်းဖြင့်တိုက်ရိုက်ပြောဆိုဖြေကြားမည့် DJ Chat Room အစီအစဉ်၊ Website နှင့် Facebook များတွင် သီချင်းတောင်းအများဆုံးပရိသတ်လေးဦး၏ သီချင်းတောင်းအစီအစဉ်ဖြစ်သည့် Oline ပေါ်ကချစ်သူ၊ လေးနှစ်ပြည့်အမှတ်တရအချိန်တွင် လေးနှင့်ပတ်သက်သော အကြောင်းအရာများကို တေးသံရှင်နီနီခင်ဇော်နှင့် ပူးတွဲတင်ဆက်မည့် FOUR အစီအစဉ်၊ ပရိသတ်များ၏ ဖခင်နှင့်ပတ်သက်သည့် ခံစားချက်၊ မိခင်နှင့်ပတ်သက်သည့် ခံစားချက်တို့ကို ဖော်ကျူးထားသည့် နွေးထွေးဖြူစင်မေတ္တာရင်ခွင်၊ ပတ္တမြားအက်ဖ်အမ်၏ လေးနှစ်ပြည့်နှစ်ပတ်လည်အတွက် ပရိသတ်များက ဖုန်းဖြင့်တိုက်ရိုက်ဆုတောင်းပေးမည့် တုံ့ပြန်မေတ္တာအစီအစဉ်တို့ပါဝင်မည့်အပြင် အနုပညာရှင်များက စီစဉ်တင်ဆက်သည့် တေးသီချင်းအစီအစဉ်များပါ ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

အောက်တိုဘာ ၁ ရက်တွင် အထူးအစီအစဉ်များနှင့်အတူ လေးနှစ်ပြည့်အမှတ်တရအဖြစ် နာမည်လေးလုံးပါသော အနုပညာရှင်လေးဦးဖြစ်သည့် အိန္ဒြာကျော်ဇင်၊ ဝတ်မှုံရွှေရည်၊ ဖြူဖြူကျော်သိန်းနှင့် စိုးပြည့်သဇင်တို့က ပရိသတ်တောင်းဆိုထားသည့်သီချင်းများကို စီစဉ်ထုတ်လွှင့်ပေးမည့် ဒိုရေမီဖာတေးသီချင်းအစီအစဉ်ပါဝင်မည်ဖြစ်သည်။ ပတ္တမြားအက်ဖ်အမ် ရေဒီယိုအစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် 91 MHz၊ စစ်ကိုင်း၊ မန္တလေးနှင့် ကချင်ပြည်နယ်တို့တွင် 88.9 MHz၊ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် 89.5 MHz တို့မှ ဖမ်းယူနားဆင်နိုင်သည်။ **(ဝဏ္ဏထွန်း)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြို့ပတ်ရထားများတွင် ကုန်တင်တွဲချိတ်ဆွဲပေးသင့်

လင်းကိုကို

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်တွင် မော်တော်ယာဉ်လမ်းကြောင်းများ မကြာခဏပိတ်ဆို့နေသဖြင့် ခရီးသည်အများစုသည် မီးရထားကို ပိုမိုအသုံးပြုလာကြသည်။

မီးရထားစီးခရီးသွားများတွင် အခြေခံလူတန်းစားများနှင့် လူလတ်တန်းစားများမှာ အများစုဖြစ်သည်။ အထူးသဖြင့် လက်လုပ်လက်စားများ၊ ကုန်စိမ်းရောင်းဝယ်သူများနှင့် ကြက်၊ ဘဲစျေးသည်များမှာ မြို့ပတ်ရထားကို အဓိက အသုံးပြုကြသည်ကို တွေ့ရှိရသည်။ ကုန်စိမ်းရောင်းဝယ်သူအများစုသည် တညင်းကုန်းစျေး၊ တညင်းကုန်းဘူတာမှတက်ကြပြီး မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ မိမိတို့စျေး၊ ရပ်ကွက်နှင့် နီးသည့်ဘူတာတွင်ဆင်းကြသည်။ ထို့အတူ သစ်သီးရောင်းဝယ်သူများသည် သီရိမင်္ဂလာစျေးသစ်မှ ဝယ်ယူပြီး ကမာရွတ်ဘူတာ၊ မဟာမြိုင်ဘူတာများမှ တက်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ သစ်သီးနှင့်ကုန်စိမ်းများအား မြို့ပတ်ရထားတွဲ၏ ရိုးရိုးတန်းတွဲများ၌ပင် တင်ဆောင်ကြသကဲ့သို့ ရထားစီးခရီးသည်များကလည်း ကုန်ပစ္စည်းများကြားတွင် သည်းခံစီးနေကြသည်မှာ ကြာပြီဖြစ်သည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးကုန်ပစ္စည်းများနှင့် ခရီးသည်များ ရောယှက်တင်ကြသည်မှာ ပြဿနာမရှိသော်လည်း ကြက်၊ ဘဲစျေးမှ ကြက်၊ ဘဲအရှင်များ၊ အမွေးနုတ်ပြီး အသားများကိုလှူစီးတွဲများတွင် တင်ဆောင်ကြသည်မှာ ပြဿနာပင်ဖြစ်သည်။

ရန်ကုန်မြို့၏ ကြက်၊ ဘဲစျေးမှာ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်အနီးတွင်ရှိပြီး နယ်အသီးသီးမှ ရောက်ရှိလာသော ကြက်၊ ဘဲများသည် နံနက် ၆ နာရီတွင် စျေးအတွင်းသို့ စတင်ဝင်ရောက်ပြီး ဒိုင်အသီးသီးမှတစ်ဆင့် ကြက်၊ ဘဲအသေသားများ၊ အရှင်များအား လက်လီလက်ကားရောင်းဝယ်သူများက မြို့ပတ်ရထားဖြင့် သယ်ယူနေကြသည်။

ကြက်၊ ဘဲအသေသားများမှာ အရည်စက်လက်နှင့် ခရီးသည်များအား ဒုက္ခရောက်စေပြီး ကြက်အရှင်များ၏ ရုန်းကန်တောင်ပံခတ်မှုများကြောင့် ဘတ်စ်ကားစီး ခရီးသည်များနှင့် မီးရထားခရီးသွားများကို အညစ်အကြေးများ စင်ကုန်ကြသည်ကို မကြာခဏတွေ့ရသည်။

ထို့အပြင် အထူးတွဲတွင် စီးနင်းသော နိုင်ငံခြားသား အများစုမှာလည်း ဓာတ်ပုံ၊ ဗီဒီယိုများနှင့် မှတ်တမ်းတင်လေ့ရှိသဖြင့် နိုင်ငံတကာအလယ်တွင် မျက်နှာငယ်စရာဖြစ်သည်။

ဤတွင်စာရေးသူအနေဖြင့် ကြည့်မြင်တိုင်ဘူတာမှ နေ့စဉ်ထွက်လာသော သာရဝေါရထားနှင့် ပဲခူး-ရန်ကုန် လော်ကယ်ရထားများတွင် အမိုးဖွင့်ကုန်တွဲရထားများ ချိတ်ဆွဲထားသည်ကိုတွေ့ရှိရပြီး ကုန်ပစ္စည်း သယ်ဆောင်သူများရော၊ ခရီးသည်များပါ အထူးအဆင်ပြေနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာ့မီးရထားအနေဖြင့် တစ်နိုင်ရောင်းဝယ်သူများနှင့် ခရီးသွားများ အဆင်ပြေစေရေးအတွက် ကုန်စိမ်းရောင်းဝယ်သူများ၊ ကြက်၊ ဘဲစျေးသည်များအစီးများသည့် မြို့ပတ်ရထားတွဲဆိုင်းများတွင် အမိုးဖွင့်ကုန်တွဲများ ချိတ်ဆက်၍ ကုန်တန်ဆာခ ကောက်ယူပြီး ဆောင်ရွက်ပေးသင့်သည်။

GLOBAL WORLD INSURANCE CO.,LTD ကို (၂၁-၉-၂၀၁၃) ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းအား ထပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် နောင်နှစ်ပေါင်း များစွာတိုင် လုပ်ငန်းများ အစဉ်ကြီးပွားတိုးတက်ပြီး အောင်ပန်းများ ဆွတ်ခူးနိုင်၍ ပြည်သူအကျိုး၊ နိုင်ငံအကျိုးများလည်း ဝိုင်းဝန်းသယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

YOUNG Insurance Global

ဥက္ကဋ္ဌနှင့် BOD အဖွဲ့

လှိုင်သာယာမြို့နယ်တွင်မိုးသည်းထန်စွာရွာသွန်းသဖြင့် စာသင်ကျောင်းများအတွင်းသို့ ရေဝင်

ရန်ကုန် စက်တင်ဘာ ၂၅

စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တွင်း နေရာအနှံ့ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လှိုင်သာယာမြို့နယ်တွင်လည်း စာသင်ကျောင်းများအတွင်းသို့ ရေဝင်ရောက်၍ ကျောင်းသား ကျောင်းသူများမှာ အိမ်ပြန်ကြရသူများနှင့် နေရာပြောင်းရွှေ့ သင်ကြားကြရမှုများ ရှိနေကြောင်း သိရသည်။

စက်တင်ဘာ ၂၄ ရက် နံနက် ၃ နာရီခွဲမှ နံနက် ၈ နာရီခွဲထိ လှိုင်သာယာမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လှိုင်သာယာမြို့နယ်အတွင်းရှိ အမှတ်(၉)ရပ်ကွက် မင်းဘူးလမ်း အလက (၁၀)စာသင်ဆောင်များအတွင်းသို့ ရေငါးလက်မခန့် ဝင်ရောက်ခဲ့၍ သူငယ်တန်းမှ အဋ္ဌမတန်းထိ ကျောင်းသား ကျောင်းသူ ၁၆၅၀ တို့အား နံနက် ၁၀ နာရီခွဲတွင် နေအိမ်သို့ အသီးသီး ပြန်စေခဲ့ကြောင်းနှင့် (၁၂)ရပ်ကွက် သခင်မြလမ်းရှိ အထက (၂) ကျောင်းတွင်လည်း နဝမတန်း ပညာသင်ကြားလျက်ရှိသည့် သစ္စာဆောင်နှင့် မေတ္တာဆောင်တို့တွင်လည်း မိုးရေတစ်ပေခွဲခန့် ဝင်ရောက်ခဲ့၍ ကျောင်းသား ကျောင်းသူ ၅၀ တို့အား စာရိတ္တအဆောင်ရှိ အစည်းအဝေးခန်းမသို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြောင်းရွှေ့ ပညာသင်ကြားလျက်ရှိကြောင်းနှင့် စာသင်ဆောင်များအတွင်းသို့ မိုးရေဝင်ရောက်ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(စိုးဝင်း-MLA)

မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေမြင့်တက်မှုကြောင့် တနင်္သာရီမြို့တွင် ရေကြီးမှုနောက်တစ်ကြိမ် ဖြစ်ပွား

မြိတ် စက်တင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်သည် နှစ်စဉ်နှစ်တိုင်းလိုလိုပင် မြစ်ရေလျှံမိုးမှုများ ကြုံတွေ့လျက်ရှိသည်။ ၂၀၁၃ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ ထားဝယ်ခရိုင် မေတ္တာမြို့နယ်ခွဲမှမြစ်ဖျားခံသည့် တနင်္သာရီမြစ် ရေစီးသန်ခြင်း၊ ချောင်းဖျားရေကြီးခြင်းတို့ကြောင့် တနင်္သာရီမြစ်ရေသည် စက်တင်ဘာ ၂၃ ရက် ညနေ ၄နာရီခွဲအချိန်တိုင်းထွာချက်အရ ၂၂ပေသို့ရောက်ရှိနေပြီး တနင်္သာရီမြို့၏ စိုးရိမ်ရေမှတ်ထက်ကျော်လွန်၍ စိုးရိမ်ရေ အမှတ်ရောက်ရန် နှစ်ပေသာလိုသည်။

အဆိုပါမြစ်ရေသည် သာမန်ထက်မြင့်တက်လျက်ရှိသောကြောင့် တနင်္သာရီမြို့ချောင်းငယ်ရပ်သီတာလမ်းနှင့် ဝက်ဘာလမ်းတို့တွင် မြစ်ရေ ၃ပေ ၁၁လက်မနှင့် ချောင်းကြီးရပ်ကွက် ကျန်းမာရေးလမ်း၊ ရွှေလိပ်ပြာလမ်းတိုးချဲ့(၁/၂/၃/၄)လမ်းတို့တွင် မြစ်ရေ၂ပေ ၁၁လက်မ ရေကြီးနစ်မြုပ်လျက်ရှိသောကြောင့် ပြည်သူများအား ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ထားလျက်ရှိသည်။ **(အပေါ်ပုံ)**

တနင်္သာရီမြစ်ရေကြီးမှုကြောင့် တနင်္သာရီမြို့နယ်အတွင်းရှိ ရေကြီးလျက်ရှိသော ကျေးရွာ၁၄ ရွာတွင် စာသင်ကျောင်းများပိတ်ထားလျက်ရှိပြီး တနင်္သာရီမြို့ပေါ်ရှိ အထက(တနင်္သာရီ)တွင် မူလတန်းနှင့်အလယ်တန်းကို ခေတ္တပိတ်ထားရ၍ အထက်တန်းကို ကျောင်းအပေါ်ထပ်တွင် သင်ကြားလျက်ရှိသည်။ မြစ်ရေကြီးမှုကြောင့် မြိတ်-တနင်္သာရီ -ဘုတ်ပြင်း ကားလမ်းပေါ်တွင် ရေကျော်မှုများ ဖြစ်ပွားလျက်ရှိပြီး အနိမ့်ပိုင်းကျ ကျေးရွာဖြစ်သည့် မိုင်တိုင်အမှတ်(၅၂/၃)နှင့်(၅၃/၀)အကြား လယ်တောင်ယာကျေးရွာတွင် အလျားပေ၁၅၀၀၊ ရေအနက်၅ပေအထိ နစ်မြုပ်လျက်ရှိသောကြောင့်မော်တော်ယာဉ်များ သွားလာမှု ပြတ်တောက်လျက်ရှိပြီး ခရီးသွားပြည်သူများသွားလာရ ခက်ခဲလျက်ရှိရာ ကျေးရွာများမှဒေသခံများက ဝါးဖောင်၊ စက်လှေများဖြင့် ကူးခတ်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

တာမွေမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်

ရန်ကုန် စက်တင်ဘာ ၂၅

စက်တင်ဘာ ၂၄ ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် တာမွေမြို့နယ် ယုဇနပလာဇာရှေ့ သီတာလမ်းမှတ်တိုင်အနီးနှင့် တာမွေဗလီထိပ် မီးပွိုင့်လမ်းဆုံ၊ မေတ္တာညွန့်ရပ်ကွက်၊ နတ်ချောင်းရပ်ကွက်တို့တွင် ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေစဉ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး နှင့် ဝန်ထမ်းများက ရေများမစီးဆင်းဘဲ ပိတ်ဆို့နိုင်သည့် နေရာများအား ကွင်းဆင်းစစ်ဆေး၍ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ပေးသဖြင့် နံနက် ၁၀ နာရီတွင် ရေများကျဆင်းကာ မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်ခဲ့ကြသည်။

(၁၉၇)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၄/ဗ-၂၀-ဒီ-၁-၁၊ဧရိယာ ၀. ၀၆၃ဧက မြေကွက်တည်နေရာအမှတ်-၄၊ ဘောဂမြိုင်လမ်း၊ ၁၃ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဒေါ်ခင်မှိုပါ (၈)ဦးအမည်ပေါက်-ဘီ(လ/န-၃၉) မြေအား အမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၆၆၃/၂၃-၇-၁၉၈၅ ဖြင့်ဦးညွန့်ဝေမှ ဝယ်ယူခဲ့ပြီးအရောင်းအဝယ်စာချုပ်အမှတ်-၈၉၀/၃၀-၈-၁၉၉၀ဖြင့် ဦးမြင့်စိုး၊ ဦးဝင်းထိန်တို့အားရောင်းချခဲ့ပါသည်။ ထပ်မံ၍ ဦးမြင့်စိုး၊ ဦးဝင်းထိန်တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၉၆၆/၇-၇-၁၉၉၂ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိန်ကြည်[၁၂/လမန(နိုင်)၁၁၃၁၄၉] ကိုယ်စား(GP) ရသူဒေါ်ခင်မာလာ[၅/စကန(နိုင်)၀၂၉၇၂၈]က မှတ်ပုံတင်စာချုပ်အဆက်အစပ်များ၊ မြေကွက်ခွဲထားသည့်မြေပုံ၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၈၈၈/၄-၆-၂၀၁၃နှင့် ပါဝါကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်နှင့် အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကောင်းမွန်သောသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်လာရေး ပြည်သူများမျှော်လင့်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကတစ်ဦးချင်းလုပ်ငန်းရှင်များသာမက ပုဂ္ဂလိကကုမ္ပဏီများပါ ဝင်ရောက်လုပ်ကိုင်လာကြကြောင်း၊ ယာဉ်ပြေးဆွဲခွင့်ရယူစဉ်က ပါရှိသော ခရီးလမ်းကြောင်း၊ကားခနှုန်းများကို ပုဂ္ဂလိကတစ်ဦးချင်းပိုင်ယာဉ်များကဲ့သို့ ကုမ္ပဏီများမှ တာဝန်ယူလုပ်ဆောင်သော ယာဉ်လိုင်းအချို့တွင်ပါ လိုက်နာမှုအားနည်းလာနေကြောင်း မြို့တွင်းခရီးသွားများက ဆိုသည်။

အထူးယာဉ်လိုင်းများ စတင်ပြေးဆွဲခွင့်ပြုချိန်တွင် ယာဉ်ပိုင်ရှင်များအနေဖြင့် စီးပွားရေးတွက်ခြေကိုက်ရန် မူလပါရှိသောထိုင်ခုံများ ပြင်ဆင်ပြောင်းလဲလာရာ ယနေ့အထိ ခရီးသည်များတွင် ထိုင်ခုံများထိုင်ရာတွင် ဒူးထောင်၊ ကိုယ်ကျုံ့ အနေအထားဖြင့် စီးနင်းနေရသော်လည်း ပြုပြင်ပြောင်းလဲမှုမရှိသေးကြောင်း၊ထိုင်ခုံအပြည့်သာ လူတင်သည်ဆိုသော်လည်း ခရီးသည်စီနင်းသည့်အတိုင်းကားပေါ်သို့တက်လာသမျှ လူသွားလမ်းတွင် သုံးတန်းစီစနစ်ဖြင့် တင်ဆောင်နေလျက်ရှိကြောင်း၊၂၀၁၂ခုနှစ်မှစ၍ ခရီးစဉ်ပိုင်းဖြတ်ဇယားအရ ခရီးစဉ်တစ်ဖြတ်လျှင် ကားခ ကျပ်ငါးဆယ်နှုန်းဖြင့် ပြေးဆွဲခွင့်ပြုထားသော ယာဉ်လိုင်းအချို့တွင် အထူးကားအသွင်ယူထားသော ယာဉ်အသစ်များဖြင့်ပြေးဆွဲနေရာတွင် သတ်မှတ်ကားခနှုန်းထက်ပိုမိုယူနေဆဲဖြစ်ကြောင်း မီဒီယာများတွင် ရေးသားဖော်ပြနေမှုများအရ သိရသည်။

ယာဉ်လိုင်းအများအပြား ပြေးဆွဲခွင့်ရသော ကုမ္ပဏီတစ်ခု၏ အဝိုင်းပတ်ခရီးစဉ် ယာဉ်လိုင်းတွင် ယခုအခါအဝိုင်းမပတ်ဘဲ လူစီးများရာပြည်လမ်းကြောအတိုင်းသာ အသွား၊ အပြန်ပြေးဆွဲနေကြောင်း၊ ဆူးလေမှကမ္ဘာအေး စေတီလမ်းအတိုင်း မြောက်ဥက္ကလာ၊ မင်္ဂလာဒုံသို့သွားရမည်ဖြစ်သော်လည်း ဆူးလေကမ်းနား (လမ်း ၃၀) မှ တစ်ဆင့်လာလမ်းအတိုင်း ပြန်လှည့်သွားနေကြောင်း၊ကမ္ဘာအေးမြောက်ဥက္ကလာလမ်းကြောင်းတွင် (၄၃) အထူးနှင့် ရိုးရိုးကားများသာမက အခြားကားလိုင်းများပါ ပြေးဆွဲနေ၍ အဝိုင်းမပတ်ခြင်း ဖြစ်နိုင်ကြောင်း။

ရန်ကုန်မြို့တွင်း ကျင့်သုံးရန်ရည်ရွယ်ထားသော B.R.T သယ်ယူပို့ဆောင်မှုတွင် ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ချပေးရာတွင် ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏနှင့်အတူ ခရီးသွားများအပေါ် အမှန်တကယ် ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ခြင်းရှိ၊ မရှိ အထူးကားနှင့် အထူးကားအသွင်ယူ ယာဉ်အချို့ကဲ့သို့ပြေးဆွဲခွင့်ရရှိပြီးနောက် ခရီးသွားများအပေါ် စီးပွားရေးအရတွက်ခြေကိုက်အောင် ပြုလုပ်နေမှုများမရှိရန်ကိုပါ ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း၊ ခရီးသွားပြည်သူ သက်သာချောင်ချိမှုကို ဦးစားပေးဗဟိုပြုသော ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးစနစ်ကို ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများက စောင့်မျှော်လျက်ရှိသည်ဟု ဆိုသည်။

(မောင်စေအောင်)

မိုင်းဖြတ် – ကျိုင်းတုံသွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုကြောင့် နှစ်ဦးသေဆုံး

မိုင်းဖြတ် စက်တင်ဘာ ၂၅

မိုင်းဖြတ်-ကျိုင်းတုံသွားပြည်ထောင်စုလမ်းမကြီးပေါ်တွင် စက်တင်ဘာ ၂၂ရက် မွန်းလွဲ ၁၂ နာရီခွဲက ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ပေါ်ပါနှစ်ဦးစလုံး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်းသတင်းအရ မိုင်းဖြတ်မြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ဆိုင်းလေးရွာနှင့် ဆွပ်ပလောင်းရွာကြား ၅၉ကီလိုမီတာနှင့်၆၀ကြား သွားရောက်စစ်ဆေးရာ Honda wave 110 နက်ပြာရောင်လိုင်စင် (စိစစ်ဆဲ) ဆိုင်ကယ်မှာ ရှေ့ဘီးကွေးလိမ်ကောက်၊ ဖောက်ကျိုး၊ အဖုံးများကြေမွပြီး ဆိုင်ကယ်ပေါ်ပါ မောင်ရန်အောင်(ခ)ဘော့စကို အသက်(၁၇)နှစ်နှင့် မောင်အားဆို အသက်(၁၉)နှစ် ၃၁မိုင်(ပန်းတောင်ရွာ) ယန်းစန် အုပ်စုကျိုင်းတုံမြို့နယ်နေသူတို့မှာ ဒဏ်ရာများ အသီးသီးရရှိပြီး မိုင်းဖြတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပွားသော ယာဉ်မှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုစိုး(မိုင်းဖြတ်)

မလေးရှားနိုင်ငံသားများက တာဝန်ရှိသူအသွင်ဟန်ဆောင်ကာ နိုင်ငံခြားသားများအား ခြိမ်းခြောက်လျက်ရှိ

ကွာလာလမ်ပူ စက်တင်ဘာ ၂၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် မိမိတို့သွားရာ လမ်းတစ်လျှောက်၌ အိမ်စီးကားများ ဖြည်းညင်းစွာဖြင့် ကပ်မောင်းလာပါက သတိထားကြရန် မြန်မာနိုင်ငံသားအချင်းချင်း အသိပေးနှိုးဆော်ထားလျက်ရှိကြောင်း မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားတစ်ဦး၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

အဆိုပါ အိမ်စီးကားများအတွင်း အယောင်ဆောင် ရဲယူနီဖောင်း၊ စစ်တပ်ယူနီဖောင်း၊ ရေလာ (RELA) ယူနီဖောင်းများကို အကျႌချိတ်များဖြင့် ချိတ်ဆွဲထားရှိကာ အယောင်ဆောင် မလေးရှားနိုင်ငံသားများမှ မြန်မာနိုင်ငံသားများအပါအဝင် အခြားနိုင်ငံခြားသားများအား ကားပေါ်တင်ဖမ်းဆီးခေါ်ဆောင်ပြီး ပတ်စ်ပို့အထောက်အထားမှန်ကန်သည်ဖြစ်စေ၊ (OVER STAY) (မမှန်ကန်) အိုသမားဖြစ်စေ လက်ကိုင်ဖုန်းများ၊ငွေများ၊အဖိုးတန်ပစ္စည်းများကို ခြိမ်းခြောက်ယူဆောင်ကြပြီး လူကိုလည်း ဟိုက်ဝေး လမ်းများပေါ်တွင်ပစ်ထားခဲ့ခြင်းများရှိကြောင်း သိရကာ သက်ဆိုင်ရာအရာရှိ တာဝန်ရှိသူများဖြစ်ပါက ID ကတ်များကို မေးမြန်းပြီးမှ စစ်ဆေးခံကြပါရန်နှင့် မိမိတို့အနားသို့ ယူနီဖောင်းများ ချိတ်ထားသော အိမ်စီးကားများဘေးမှ ကပ်လိုက်ပြီး မောင်းနှင်ပါက သတိထားကြရန် လိုအပ်ကြောင်း မြန်မာနိုင်ငံသား အချင်းချင်းလည်း အသိပေးနှိုးဆော်လျက်ရှိသည်။ မလေးရှားနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသားများ၏ အားနည်းချက်များအား အခွင့်ကောင်းယူ၍ အချို့မူးယစ်ဆေးဝါးသုံးစွဲနေကြသော မလေးရှားနိုင်ငံသားများ အပါအဝင် အခြားအလုပ်အကိုင် မလုပ်ချင်ကြသော မလေးရှားနိုင်ငံသားများကပါ ယင်းကဲ့သို့ ပြုလုပ်လာခြင်းများရှိနေကြောင်း မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများထံမှ စုံစမ်းသိရသည်။

(စိုးဝင်း-MLA)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့်လမ်းသားများအား မြို့နယ်စည်ပင်သာယာက အချိန်မီပြုပြင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ (၆၀၈)

ကျောင်းသားတစ်ဦး မိုးကြိုးပစ်ခံရ

အုတ်တွင်း စက်တင်ဘာ ၂၅

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဆီဆုံကုန်းကျေးရွာနေ မောင်အောင်မျိုးသူ ၁၄နှစ် (ဘ) ဦးတင်အေး အ၅မတန်းကျောင်းသား အထကခွဲ(ဗောဓိကုန်း) သည် စက်တင်ဘာ ၂၀ ရက် ည ၉ နာရီခွဲက ကျူရှင်မှ နေအိမ်သို့ အပြန်တွင်မိုးကြိုးပစ်ခံရသဖြင့် သေဆုံးခဲ့သည်။ ၎င်းသည် ဗောဓိကုန်း ကျေးရွာတွင် ကျူရှင်တက်ပြီး နေအိမ်သို့ ပြန်စဉ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆၃/၃) အနီးရှိ လယ်စပ်တွင် မိုးကြိုးပစ်ခံရပြီး လက်မောင်းနှင့်ရင်ဘတ်တို့တွင် အရေခွံလန်၊ ကျောကုန်းညိုမည်းဒဏ်ရာများ ရရှိသေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အုတ်တွင်းရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်(၉/၂၀၁၃) ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(၅၃၈)

သဘော်နှစ်စင်း တိုက်မိ၍ တစ်စင်းနစ်မြုပ်

နေပြည်တော် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွာသစ်ကျေးရွာအနီး ပန်းလှိုင်မြစ်အတွင်း စက်တင်ဘာ ၂၂ရက်နံနက် ၁၀နာရီ၄၅မိနစ်ခန့်က ရေယာဉ်နှစ်စင်းတိုက်မိကာ နစ်မြုပ်ကြောင်းသတင်းအရ ညောင်တုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာမြောင်းမြမြို့နယ် ဘုရားချောင်းကျေးရွာနေ ရေယာဉ်အုပ် ဦးတင်ငွေ(၆၂)နှစ်မောင်းနှင်ပြီး ရေယာဉ်လုပ်သား ခုနစ်ဦး လိုက်ပါလာသည့် အလျား ပေ ၆၀၊ အနံ၁၉ပေ၊ အမြင့် ၉ ပေရှိ"ဇေယျာမောင်"တွန်းသဘော်၊သစ်သားခွံအမှတ်(၉၄၀၀)သည် စီပီတွဲ အမှတ်(၁၁၈၂)နှင့်(၀၀၄)တို့အားတွဲ၍ ရန်ကုန်တိုင်းဒေသကြီးမှ ညောင်တုန်းဘက်သို့ မောင်းနှင်လာစဉ် အလျားပေ ၂၁၀၊ အနံပေ ၅၀၊ အမြင့် ၁၁ ပေရှိ စီပီတွဲနှင့်သံခွံအမှတ်(၅၂၀)အား ကျောက်စရစ်များ တင်ဆောင်၍ မင်းလှမြို့မှ ရန်ကုန်တိုင်းဒေသကြီးဘက်သို့ မန္တလေးတိုင်းဒေသကြီး စိန်ပန်းရပ်ကွက်နေ ရေယာဉ်အုပ် ဦးအောင်ဆင့်(၅၉)နှစ်မောင်းနှင်ပြီး ရေယာဉ်လုပ်သားခုနစ်ဦး လိုက်ပါလာသည့် အလျား ၇၉ပေ၊ အနံ ၁၇ပေ၊ အမြင့် ၆ပေရှိ "သူရိန်ကျော်စိုးဝင်း(၃)" တွန်းသဘော်နှင့် တိုက်မိ၍ "ဇေယျာမောင်" တွန်းသဘော်၏ ဝမ်းဗိုက်ကွဲပြီး ပန်းလှိုင်မြစ်အတွင်းသို့ နစ်မြုပ်သွားခဲ့သဖြင့် တန်ဖိုးငွေကျပ်သိန်း ၃၀၀ခန့် ဆုံးရှုံးခဲ့ကာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ရေယာဉ်များအား မဆင်မခြင်မောင်းနှင်သူ ဦးအောင်ဆင့်နှင့် ဦးတင်ငွေတို့ နှစ်ဦးအား မဲဇလီနယ်မြေရဲစခန်းက(ပ)၅၅/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၀ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မူးလျှင်မမောင်းနှင့် မောင်းလျှင်မမူးနှင့်

အခွင့်အလမ်းဂျာနယ်စာဖတ်ပရိသတ်များအား အသိပေးအကြောင်းကြားခြင်း

အခွင့်အလမ်းဂျာနယ်အား ၂၀၀၅ခုနှစ်၊ စက်တင်ဘာလမှ စတင်ထုတ်ဝေလာခဲ့သည်မှာ ယခုဆိုလျှင် (၈)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

အလုပ်ရှာဖွေနေသော လူငယ်များအတွက် အဆင်ပြေလွယ်ကူစေရန် အခွင့်အလမ်းဂျာနယ်၏ **Facebook Account** အား ဖွင့်လှစ်ပေးထားခဲ့ပါသည်။

သို့သော် ယခုအခါ မသမာသူအချို့မှ အခွင့်အလမ်းဂျာနယ်၏ **Facebook** စာမျက်နှာအား **hack** လုပ် အတိုက်ခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ၁၃-၉-၂၀၁၃ရက်နေ့ နောက်ပိုင်းတင်လာသော **Post** များမှာ အခွင့်အလမ်းဂျာနယ်၏အာဘော်များ မဟုတ်ကြောင်း စာဖတ်သူများအား လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်ရှာဖွေနေသော လူငယ်များအတွက် အလုပ်အကိုင်နှင့်ပတ်သက်သော နောက်ဆုံးရသတင်းများကို မကြာမီတွင် **Facebook account** အသစ်**(opp journal)**ဖြင့် ဆက်လက်တင်ဆက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

အခွင့်အလမ်းဂျာနယ်

ဆိုးလ်စီနီယာရုပ်ရှင်ပွဲတော်တွင် ဆုရည်မှန်းထားသည့် ကိုရီးယားသရုပ်ဆောင် ကူဟေးဆွန်း

F4 မင်းသမီး ဂင်ဂျန်ဒီအဖြစ် လူသိများလှသည့် ကိုရီးယားသရုပ်ဆောင် ကူဟေးဆွန်းက ၎င်းကိုယ်တိုင် ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်ထားသည့် Pieces of Memory ဇာတ်ကားကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပမည့် ခြောက်ကြိမ်မြောက် ဆိုးလ်စီနီယာရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသမည်ဖြစ်ပြီး ယင်းဇာတ်ကားမှ ဆုတစ်မျိုးမျိုးရရှိရန်လည်း မျှော်လင့်ထားသည်ဟု ဆိုသည်။

အဆိုပါဇာတ်ကားသည် ကိုရီးယားရုပ်ရှင်လောက၏ 4K နှင့် 3D ဖြင့် ရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး သရုပ်ဆောင်များအနေဖြင့် ရီဆန်းဟိုနှင့် ကူဟေးဆွန်းတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပြီး ကူဟေးဆွန်း အနေဖြင့် သရုပ်ဆောင်ပိုင်းအပြင် ထုတ်လုပ်မှုပိုင်း၊ ဇာတ်ညွှန်းပိုင်းနှင့် တေးဂီတပိုင်းတို့ကိုပါ တာဝန်ယူဆောင်ရွက်ထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

"ဒီဇာတ်ကားရဲ့ ထုတ်လုပ်မှုပိုင်းတွေကိုပါ တာဝန်ယူထားပါတယ်။ ဒီရုပ်ရှင်ပွဲတော်မှာပြသမယ်ဆိုတဲ့အတွက် ဂုဏ်ယူမိပါတယ်။ တူးဒီနဲ့ကြည့်ရတာငြီးငွေ့လာတဲ့ ပရိသတ်တွေအတွက် ကြည့်ရတဲ့အချိန်ခဏလေးအတွင်းမှာ တန်ဖိုးရှိအောင်လို့ အစွမ်းကုန် ကြိုးစားထားပါတယ်။ အရမ်းကောင်းတဲ့ဇာတ်ကားလေးလည်းဖြစ်ပါတယ်"ဟု နာမည်ကျော်ဇာတ်ကားများစွာတွင်လည်း ဒါရိုက်တာအဖြစ်ပါဝင်ခဲ့သူ ဒါရိုက်တာနှင့် သရုပ်ဆောင် ကူဟေးဆွန်းက ဆိုသည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဝင်ကြေးအခမဲ့အဖြစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Daehan ပြဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၌ မန်စီးတီးက ဝီဂန်ကို ငါးဂိုးပြတ်နိုင်

မန်စီးတီးအသင်းနှင့် ဝီဂန်အသင်းတို့၏ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသော ပွဲစဉ်၌ မန်စီးတီးအသင်းက ဧည့်သည်ဝီဂန်အသင်းကို ငါးဂိုးပြတ်သွင်းယူကာ အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းသည် အိမ်ရှင်အသင်းပီပီ အကောင်းမွန်ဆုံးကစားကွက်ကို ပုံဖော်ကာ အသင်းအောင်မြင်မှုအတွက် ခြေကုန်ထုတ်ကစားခဲ့ရာ ပထမပိုင်း ပွဲကစားချိန် ၃၃ မိနစ်တွင် တိုက်စစ်မှူး ဇက်ကို၏ သွင်းဂိုးဖြင့် မန်စီးတီးအသင်း အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပထမပိုင်းပြီးသည်အထိ ဝီဂန်အသင်း ချေပဂိုးမသွင်းနိုင်ဘဲ မန်စီးတီးအသင်းက ဝီဂန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်း မိနစ် ၆၀ နှင့် ၈၃ မိနစ်တို့တွင် ဂျိုးဗီတစ်၊ ၇၆ မိနစ်တွင် ယာယာတိုရေးနှင့် ၈၆ မိနစ်တွင် နာဗက်စ်တို့က ဂိုးများသွင်းယူပေးခဲ့သဖြင့် ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့၍ မန်စီးတီးအသင်းက ဝီဂန်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အက်စတွန်ဗီလာအသင်းနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့၏ ပွဲစဉ်တွင်မူ အဝေးကွင်းသွားရောက်ကစားရသော စပါးအသင်းက အက်စတွန်ဗီလာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဝက်စ်ဟမ်းအသင်းနှင့် ကာဒစ်ဖ်အသင်းတို့၏ ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက ကာဒစ်ဖ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်ရလဒ်များ

ဆန်းဒါးလန်း	၂-၀	ပီတာဘရော့
ဘန်လေ	၂-၁	နော့တင်ဟမ်
ဆောက်သမ်တန်	၂-၀	ဘရစ္စတိုး
ဝက်ဖို့ဒ်	၂-၃	နော့ဝှစ်ချ်
ဟားစီးတီး	၁-၀	ဟက်ဒါဖီးလ်
လီဆက်စတာ	၂-၁	ဒါဘီ
ဆွင်ဒန်း	၀-၂	ချယ်လ်ဆီး
ဖူလ်ဟမ်	၂-၁	အဲဗာတန်

ရှစ်နှစ်အတွင်းပြန်လည်စံချိန်တင်နိုင်ခဲ့သည့် အမ်မီဆုပေးပွဲ

ယခုနှစ်အတွက် ကျင်းပခဲ့သည့် (၆၅)ကြိမ်မြောက် အမ်မီဆုပေးပွဲအခမ်းအနားသည် ကြည့်ရှုသူ ပရိသတ် ၁၇ ဒသမ ၆ သန်းခန့် ရရှိခဲ့ပြီး ရှစ်နှစ်တာကာလအတွင်း ပရိသတ်စိတ်ဝင်စားမှုအများဆုံးရရှိခဲ့သည့် အခမ်းအနားတစ်ခုဖြစ်ခဲ့ကြောင်း တနင်္လာနေ့တွင် Nielsen ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ယင်းအခမ်းအနား၏ သမိုင်းတွင် ၂၀၀၅ ခုနှစ်က ကြည့်ရှုသူပရိသတ် ၁၈ သန်းကျော်ရရှိခဲ့ပြီး ရှစ်နှစ်အကြာ ယခု ၂၀၁၃ ခုနှစ်တွင် ထိုသို့ ပရိသတ်ကြည့်ရှုမှုအများဆုံးစံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုစီဒက်ကိုလေးဂိုး – တစ်ဂိုးဖြင့်နိုင်ကာ ဘာစီလိုနာအသင်းနိုင်ပွဲဆက်

စပိန်လာလီဂါပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်း၏ အားထားရသော တိုက်စစ်မှူးနှစ်ဦးဖြစ်သည့် လီယွန်နယ်မက်ဆီနှင့် နေမာတို့သည် ပထမဆုံးအကြိမ်အဖြစ် တူညီသောဂိုးများသွင်းယူပေးခဲ့ကြသဖြင့် ဘာစီလိုနာအသင်း နိုင်ပွဲဆက်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် နေမာနှင့် မက်ဆီတို့က ဂိုးများ သွင်းယူပေးနိုင်ခဲ့သည်။ တိုက်စစ်မှူး နေမာသည် ပထမဆုံး လာလီဂါသွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီး တိုက်စစ်မှူး လီယွန်နယ်မက်ဆီမှာမူ ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် ခုနစ်ဂိုးမြောက် သွင်းယူပေးနိုင်ခဲ့သည်။

ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင် ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူး နေမာသည် အက်သလက်တီကိုမက်ဒရစ်အသင်းအား အနိုင်ရရှိကာ စပိန်စူပါဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် ပထမဆုံးသွင်းဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းသည်လည်း ဒီယေဂိုကော်စတာ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အိုဆာဆူနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နိုင်ပွဲဆက်ခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် ယခုပွဲစဉ်တွင် နိုင်ပွဲဆက်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ခြောက်ပွဲကစားအပြီး၌ ခြောက်ပွဲစလုံးအနိုင်ရရှိကာ ရှုံးပွဲမရှိစံချိန်ဖြင့် ရာနှုန်းပြည့်အောင်မြင်မှုရရှိလျက်ရှိသည်။

ယခုပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို မက်ဆီ၊ နေမာ၊ ဘက်စကွက်နှင့် ဘာထရာတို့က သွင်းယူပေးခဲ့ကြပြီး အက်သလက်တီကိုမက်ဒရစ် အသင်းအတွက် သွင်းဂိုးများကိုမူ ဒီယေဂိုကော်စတာတစ်ဦးတည်းကပင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လီဗန်တေးအသင်းနှင့် ဗယ်လာဒိုးလစ်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး မာလာဂါအသင်းနှင့် အယ်လ်မာရီးယားအသင်းတို့၏ ပွဲစဉ်တွင် မာလာဂါအသင်းက အယ်လ်မာရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ငွေကြယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ တံတားအထူးအဖွဲ့(၇)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေများဖြင့် တည်ဆောက်မည့် ဆိပ်ဖြူ-ဆော-ကန်ပက်လက် လမ်းပေါ်ရှိ ဂုံညင်းပင်ရိုးချောင်းတံတားအတွက် လိုအပ်သော မြစ်သဲ၊ မြစ်ကျောက်စရစ်၊ သစ်ခွဲသားများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	လုပ်ငန်းအမည်	မြစ်ကျောက်စရစ်	မြစ်သဲ	သစ်ခွဲသား
၁။	ဂုံညင်းပင်ရိုးချောင်းတံတား	(၁/၃၃)၁၆၀(ကျင်း)	၇၀(ကျင်း)	၅၀(တန်)

တင်ဒါသွင်းရမည့်နေ့ရက် - ၂၅-၉-၂၀၁၃ ရက်မှ ၁-၁၀-၂၀၁၃ ရက်ထိ
တင်ဒါသွင်းရမည့်အချိန် - နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီထိ
တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက် - ၂-၁၀-၂၀၁၃ ရက်
တင်ဒါစိစစ်ရွေးချယ်မည့်အချိန် - နံနက် ၁၀း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - တံတားအထူးအဖွဲ့(၇)၊ ဆိပ်ဖြူ။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပခုက္ကူခရိုင်အင်ဂျင်နီယာမှူး(ရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒု-အင်ဂျင်နီယာမှူးကြီး(ရုံး) တံတားအထူးအဖွဲ့(၇)ဆိပ်ဖြူမြို့တွင် ၂၅-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်တွင်ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ယာဉ်မောင်းအမြန်အလိုရှိသည်

- Foreigner ကားမောင်းရန် ယာဉ်မောင်း(၁)ဦးအလိုရှိသည်။
- English စာ အသင့်အတင့်တတ်ရမည်။
- လှိုင်သာယာနေသူဦးစားပေးမည်။
- English စာ ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။

ဆက်သွယ်ရန်-**Ph:09-5182646**

ရထားလမ်းပေါ်အိပ်ပျော်နေသူ ရထားကြိတ်ခံရ၊ နှစ်ဦးသေ

ပဲခူး စက်တင်ဘာ ၂၅

စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီခန့်တွင် ပဲခူးမြို့နယ် ရွှေတန်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင် မီးရထားလမ်း ကြေးနန်း မိုင်တိုင်အမှတ်(၅၅/၂၁)နှင့် (၅၅/၂၂) အကြား တံတားအမှတ်(၇) အောက်တွင် ငါးဖမ်းပိုက်ထောင်ပြီး သံလမ်းပေါ်၌ ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ ရွှေပြည်အေးရပ်ကွက်နေ ဦးမြင့်ငြိမ်းနှင့် ဦးကျော်အေး(၄၆)နှစ်တို့ နှစ်ဦးသည် အိပ်ပျော်နေစဉ် ရန်ကုန်-မန္တလေး အမှတ် ၄ အဆန်ရထားမှ ကြိတ်မိခဲ့ရာ ဦးမြင့်ငြိမ်းတွင် ဦးခေါင်းကြေမွ၊ ဝဲ၊ ယာလက်မောင်းပြတ်၊ ဦးကျော်အေးတွင် ဦးခေါင်းကြေမွ၊ ဝဲလက်မောင်းပြတ် ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘုရားကြီးရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၆/၂၀၁၃)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၅၇၈)



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဆိုင်ကယ်ခိုးယူသူအားဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရပ်ကွက်တစ်ခုအတွင်းရှိ နေအိမ်ရှေ့လမ်းပေါ်တွင် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရပ်ထားသောဆိုင်ကယ်ကို ခိုးယူသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်လေ့ရှိကြောင်း သတင်းအရ ဖြိုးဦး(ခ)ပြည့်ဖြိုးဦး မင်္ဂလာဒုံမြို့နယ်နေသူအား ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းသည် စက်တင်ဘာလအတွင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၉/ဘီ)ရပ်ကွက်ရှိ နေအိမ်ရှေ့လမ်းပေါ်တွင် ရပ်ထားသော CZI အမျိုးအစား(ဖြူ/ပြာ)ရောင် ဆိုင်ကယ်တစ်စီးအား ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်သဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မ ရဲစခန်းက (ပ)၄၉၂/ ၂၀၁၃၊ ပုဒ်မ ၃၇၉/၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၀၄၀)

ဘိန်းဆီခဲ ၈၀၀ ဂရမ်၊ ဘိန်းရည် ၃၁ ဒသမ ၅ ကီလိုနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၅

ရှမ်းပြည်နယ် မူဆယ်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက် အမှတ်(၇၅/ ၂၆၁) နေ ကျော်မြင့်(၅၇)နှစ်၏ နေအိမ်အား စက်တင်ဘာ ၂၃ ရက်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အိပ်ခန်းဗီရိုအတွင်းမှ ဘိန်းဆီခဲ ၈၀၀ ဂရမ် (တန်ဖိုးငွေကျပ်သိန်း ၄၀)၊ နေအိမ်ရေချိုးခန်းဘေးကပ်လျက် အခန်းမှ ဘိန်းရည်ငါးလီတာပါ ပလတ်စတစ်ပုံးတစ်ပုံးနှင့် ဘိန်းဆီခဲချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၁၀ မျိုး၊ ယင်းခြံဝင်းအတွင်း ရပ်ထားသော လိုင်စင်မဲ့ဟိုင်းလပ်စ်ယာဉ်နောက်ခန်းအတွင်းမှ ပလတ်စတစ်ပုံးဖြင့်ထည့်လျက် ဘိန်းရည် ၂၀ လီတာပါ ပလတ်စတစ်ပုံး တစ်ပုံးနှင့် ၁၀ လီတာထည့်ထားသော ဖန်ပုလင်းတစ်ပုလင်း စုစုပေါင်းဘိန်းရည် ၃၅ လီတာ (အလေးချိန် ၃၁ ဒသမ ၅ ကီလို) တန်ဖိုးငွေကျပ် ၃၁ ဒသမ ငါးသိန်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ကျော်မြင့်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ရှေးဟောင်းပစ္စည်းများသယ်ဆောင်လာသူအား ဖမ်းဆီးအရေးယူ

နေပြည်တော် စက်တင်ဘာ ၂၅

ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် တက်ခမ်းဟိုတယ်အနီး နှစ်နိုင်ငံ ခြံစည်းရိုးခိုးဝင်ပေါက်၌ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ စက်တင်ဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် စဥ့်အိုးတန်းလမ်းနေ မရင်ရင်ရွှေ(၃၂)နှစ် ယူဆောင်လာသည့် စက္ကူဂျပ်ဖာများအား စစ်ဆေးရာ အဝါရောင်ပေရွက်နှင့် ရွှေရောင်ပေရွက်များပေါ်တွင် ဘုရားပုံတော်များ ရေးဆွဲထားသည့် ပေပုရပိုက် ၃၀၀၊ ယွန်းပြားဖြင့် ပြုလုပ်ထားသည့် ရွှေရောင်နှင့် အနက်ရောင်ရုပ်ပုံစာတန်းများပါ ယွန်းပြား ၁၂၃ ချပ်၊ သစ်သားဖြင့်ပြုလုပ်ထားသည့် ရုပ်ပုံများပါ ငွေရောင်သစ်သားဖြင့် ၁၉ ချပ်၊ ကြေးဆင်းတုတော်ငါးဆူ၊ အညိုရောင် မဟာပိန္နဲရုပ်ကြေးသွန်းဆင်းတုတော်တစ်ဆူနှင့် ဆင်ခံမြင်းခံ ကြေးသွန်းဆင်းတုတော်တစ်ဆူတို့အား သိမ်းဆည်းရမိခဲ့သဖြင့် မရင်ရင်ရွှေအား ရှေးဟောင်းသုတေသနပစ္စည်းများ အက်ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မင်းလှတွင် မိုးကြိုးပစ် နှစ်ဦးသေ

မင်းလှ စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်၌ စက်တင်ဘာ ၂၂ ရက် ညနေတွင် ငါးဖမ်းရန်ထွက်သွားသော အလယ်ကုန်းရွာနေ ကိုခင်မောင်သန်း အသက်(၃၅) နှစ်သည် ည ၇ နာရီခန့် မိုးကြီးလေထန်ချိန်တွင် မိုးကြိုးထိမှန်၍ သေဆုံးခဲ့သည်။ အလားတူ မင်းလှမြို့ လှည်းကူးကျေးရွာမှ ကိုသန်းဇော်ဦး အသက်(၂၇)နှစ်သည် ယင်းနေ့ ညနေတွင် လှည်းကူးရွာလယ်ကွင်းထဲရှိ သစ်ပင်အောက်၌ ခေတ္တနားခိုနေစဉ် မိုးကြိုးထိမှန်ခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဇမ္ဗူသီရိမြို့နယ်၌ ကြိုးဆွဲချသေဆုံး

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုဗေဒစက်ပေါင်းစုစေတီအနောက်ဝင်းအတွင်းရှိ ACE Co.,Ltd. ဝန်ထမ်းအိမ်ရာ၌ နေထိုင်ပြီး ပန်းပုလုပ်ငန်းလုပ်ကိုင်သော အောင်သူဝင်း အသက်(၂၇)နှစ် စကျင်ကျေးရွာ မတ္တရာမြို့နေသူသည် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် သစ်ပင်၌ ကြိုးဆွဲချသေဆုံးကြောင်း သိရသဖြင့် နေပြည်တော် အမှတ်(၃) နယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးပြီး သေမှုသေခင်း အမှတ်(၃/၂၀၁၃) အရ အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

ဓားကိုင်ရမ်းကားသူ အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၅

မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက်က နယ်မြေသတင်းစုံစမ်းနေစဉ် ကျီးပင်ကန်ကျေးရွာအဝင်လမ်းမပေါ်၌ ယင်းရွာနေ မျိုးဝင်းမြင့်(၃၃)နှစ်သည် အရက်သေစာသောက်စားမူးယစ်ပြီး ဓားရှည်ကိုင်ဆောင်၍ရမ်းကားနေကြောင်း သတင်းပေးမှုအရ ကျီးပင်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်အတူ သွားရောက်ဖမ်းဆီးရာ မျိုးဝင်းမြင့်အား အရိုးအသွား ၂၈ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စကုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ရောင်းမည်(သုဝဏ္ဏVIP)

(သုဝဏ္ဏ VIP)၊ သစ်ရာပင်လမ်းသွယ်၊ ပေ(၇၈×၈၀)၊ ၂ထပ် RC၊ MB ၄ခန်း၊ မီတာ(၂)လုံး၊ Ph(၂)လုံး ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်ရောင်းမည်။

Ph:09-5003026, 09-420702880, 01-579126

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် -၇/F၊ မြေကွက်အမှတ်-၆/ဃ၂၈၊ A၆၊ ဧရိယာ(၀. ၀၄၅)ဧက၊ မြေကွက်အမှတ်- ၆/ဃ၂၈-A၂၊ ဧရိယာ(၀. ၈၉၀)ဧက၊ မြေကွက်တည်နေရာ - ၆/ဃ၂၈၊ A၆၊ ၆/ဃ၂၈-A၂၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ ဒေါ်ချစ်ရင်၊ မတင်နွဲ့နွဲ့မင်း အမည်ပေါက်၊ မြေပိုင်မြေ လ/န ၃၉ မြေအားအမည်ပေါက်-ဒေါ်ချစ်ရင် တစ်ဦးဖြစ်သူ ဒေါ်ချစ်ရင် ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးစံညွန့် ကွယ်လွန်သဖြင့် ၁။ ဒေါ်မြမြညွန့် [၁၂/လသန(နိုင်)၀၁၀၃၀၀]၊ ၂။ ဦးညွန့်ရင် [၁၂/လသန(နိုင်)၀၀၉၉၇၈]၊ ၃။ ဒေါ်ချိုချို ညွန့်[၁၂/ပဘတ(နိုင်)၀၀၅၃၆၀]၊ ၄။ ဦးကျော် စိုးမြင့်[၁၂/မဂတ(နိုင်)၀၅၀၃၂၅]၊ ၅။ဒေါ်စန်းစန်းညွန့်[၁၂/လသန(နိုင်)၀၁၁၂၆၀]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်နွဲ့နွဲ့မင်းထံမှ ကိုယ်စားလှယ်လွှဲစာ အမှတ်-၁၅၆၃၀/၁၁ ဖြင့် GP ရသူ ဦးဇော်မင်းဇင်[၁၂/ကမရ(နိုင်)၀၂၈၉၃၃]တို့ကပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထက်မြန်မာပြည်သတင်း

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆွေးနွေး

ထားဝယ် စက်တင်ဘာ ၂၅

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အနောက်မြို့တွင်းရပ် မြစိမ်းမင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က အမှာစကားပြောကြားပြီး ဝေါလ်ဗီရှင် တနင်္သာရီတိုင်းဒေသကြီး(ဇုန်) မန်နေဂျာ ဒေါက်တာတင်ထွန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နွယ်ထွန်းက TCRC Workshop လုပ်ငန်းနှင့်ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဝေါလ်ဗီရှင်ထားဝယ်မန်နေဂျာ ဦးမင်းသူရိန်လွင်က ဝေါလ်ဗီရှင်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံ ဦးမောင်မောင်သိုက်က CRC & CP ဆိုင်ရာ အသိပညာ၊ လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးသည်။ ဆက်လက်၍ TCRC ရှေ့လုပ်ငန်းစဉ်အတွက် အဖွဲ့မှူးများက အဖွဲ့ခွဲဆွေးနွေးပြီး ဆွေးနွေးထားသော ရှေ့လုပ်ငန်းစဉ်များကို အဖွဲ့လိုက်တင်ပြခြင်းနှင့် စုပေါင်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က သုံးသပ်ချက်၊ အကြံပြုချက်များကို အတည်ပြုပေးကြောင်း သိရသည်။ **(ကျော်ကျော်လတ်)**

ကုန်းဇောင်းထွက် ဆန်ဈေးကွက် အရောင်းသွက်

မကွေး စက်တင်ဘာ ၂၅

မကွေးဆန်ဈေးကွက်တွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာမှ စိုက်ပျိုးသော 'မနော်' နှင့် 'ဧရာပဒေသာ' ဆန်အမျိုးအစားကို လူကြိုက်များ၍ ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၏ လယ်ယာစိုက်ပျိုးသောကျေးရွာများတွင် နယုန်-ဝါဆိုလများ၌ စပါးစိုက်ပျိုးကြပြီး တန်ဆောင်မုန်းလရောက်လျှင် ဆန်သစ်ပေါ်၍ ဈေးကွက်တင်လေ့ရှိသည်။ နယုန်လ နွေစပါးအထွက်နှုန်းသည် ရာသီဥတုကောင်းမွန်လာခြင်း ဆည်ရေအပြည့်အဝ ရရှိခြင်းတို့ကြောင့် ယခင်နှစ်များကထက်ပို၍ ကောင်းလာခဲ့သည်။ ဈေးကွက်တွင် ဆန်အရည်အသွေးကိုလည်း လူကြိုက်များသောကြောင့် အဝယ်လိုက်လျက်ရှိပြီး ပြည်ကောက်ဈေးနှုန်းမှာ မနော်ဆန်တစ်ပြည်၁၀၀၀ကျပ်၊ ဧရာပဒေသာကျပ် ၁၂၀၀ ဈေးပေါက်ကြောင်း၊ ယခင်နှစ်များကထက် ပြည်ကောက်နှုန်း၁၀၀ကျပ် ပို၍ဈေးရလာကြောင်း သိရသည်။ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာမှ ဒေသခံဆန်စက် ပိုင်ရှင်တစ်ဦးက "မနော်ဆန်ထက် ဧရာပဒေသာက ပိုပြီးအချက်ခံတယ်။ ဆန်ရိုးဆန်သားလည်း ပိုကောင်းတယ်။ မကွေး၊ ရေနံချောင်းမြို့တွေကို အဓိကဖြန့်ပါတယ်။ အခုဆိုရင် ဈေးကွက်တောင်းဆိုမှုအရ တခြားဒေသတွေအပြင် ရန်ကုန် (ဘုရင့်နောင် ကုန်စည်ဒိုင်) အထိပါ တင်ပို့ရောင်းချနေပါပြီ" ဟု ပြောပြသည်။

ယခုအခါကုန်းဇောင်းကျေးရွာ၌ စပါးစိုက်ပျိုးခြင်းကို အဓိကအားထားပြီး နေ့စဉ် စပါးကြိတ်စက်ကြီး ငါးလုံးဖြင့်လည်ပတ်လျက် မြန်မာပြည်အနှံ့ တင်ပို့လျက်ရှိကြောင်း သိရသည်။

(ကျော်စွာ-မကွေး)

ရွှေကူမြတ်စွာဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပခုက္ကူ စက်တင်ဘာ ၂၅

မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်၏အနောက်မြို့တော် ပခုက္ကူမြို့ကြီးတွင် ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး၏ကောင်းမှုတော် ရွှေကူမြတ်စွာဗုဒ္ဓပူဇနိယပွဲတော်(ဝဲပုံ)အား အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဒေသခံများထံမှသိရသည်။ ရွှေကူမြတ်စွာဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၄ရက်၊ ၁၅ ရက်နှင့် လပြည့်ကျော် ၁ ရက်နေ့ညတိုင်အောင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ရွှေကူမြတ်စွာဘုရားကြီး၏ ဒေသစာရီကြွချီပူဇော်မှုကို လပြည့်ကျော် ၁ ရက်နေ့တွင် ဆီမီးရောင်စုံများဖြင့် ဒေဝဝင်း၊ ရာဇာဝင်းအပြင် ယိမ်းအကအလှုတေးဂီတစုံလင်စွာဖြင့် လိုက်ပါပူဇော်ကြသည်။

"ရွှေကူဘုရားပွဲတော်ကြီးကို တစ်ခေတ်တစ်ခါတုန်းက ဇာတ်ရုံကြီးတွေ ပွဲဈေးတန်းတွေနဲ့ကျင်းပခဲ့ဖူးတယ်၊ ဒီဘက်ခေတ်မှာတော့ နာမည်ကျော်ရုပ်ရှင်ဂီတအဖွဲ့တွေနဲ့ စည်ကားသိုက်မြိုက်အောင် ကျင်းပလုပ်ဆောင်နေကြပါတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

"ပခုက္ကူတံတားကြီးပြီးတဲ့နှစ်ကစပြီး ရွှေကူဘုရားပွဲတော်ကြီး ကြိတ်ကြိတ်တိုးစည်ကားချက်ကတော့ ပြောရင် ယုံမှာတောင်မဟုတ်ပါဘူးဗျာ"ဟု ရွှေကူဘုရားအကျိုးတော်ဆောင်တစ်ဦးက ပြောသည်။ **(နေဦးမောင်-ပခုက္ကူ)**

ကလေးနှင့် ချင်းတောင်ကြက်သွန် အိန္ဒိယ အဝယ်လိုက်

ကလေး စက်တင်ဘာ ၂၅

မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ နန့်ဖာလုံဈေးကြီးတွင် ယခုရက်ပိုင်းမှစ၍ ကလေးဒေသနှင့် ချင်းတောင်ထွက် ကြက်သွန်များ အိန္ဒိယနယ်ဘက်တွင် အဝယ်လိုက်လျက်ရှိရာ နေ့စဉ် ကြက်သွန်ပိဿာချိန်ထောင်ချီ၊ သောင်းချီဝယ်ယူနေကြောင်း သိရသည်။

ကြက်သွန်များ အရောင်းအဝယ်ပြုလုပ်နေကြရာတွင် ကလေးဒေသနှင့် ချင်းတောင်ဒေသထွက် ကြက်သွန်များသာမက မုံရွာ၊ ပခုက္ကူ၊ မန္တလေးထွက် ကြက်သွန်များကိုပါ အရောင်းအဝယ် ပြုလုပ်နေကြောင်း သိရသည်။

"ကလေးဒေသနဲ့ ချင်းတောင်ဒေသထွက် ကြက်သွန်တွေကို ချင်းတွင်းမြစ်အထက်ပိုင်းကိုသာမက မုံရွာ၊ မန္တလေးမြို့တွေကိုပါ ပိဿာချိန်သောင်းချီပြီး တင်ပို့ပေးနေရပါတယ်၊ မြန်မာ - အိန္ဒိယနယ်စပ်မှာလည်း သုံးလေးနှစ် တစ်ကြိမ်ဆိုသလို ကြက်သွန်ဈေးကဖြစ်ထွန်းပါတယ်၊ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူက အိန္ဒိယလူမျိုးတွေအတွက် မရှိမဖြစ် ဟင်းချက်ပစ္စည်း ဖြစ်ပါတယ်၊ ဒါကြောင့် အိန္ဒိယလူမျိုးတွေက ကြက်သွန်ကို တစ်နှစ်ပတ်လုံး သုံးစွဲနိုင်ဖို့ စုဆောင်းထားကြတယ်"ဟု ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ယခုရက်ပိုင်း မြန်မာ-အိန္ဒိယနယ်စပ် နန့်ဖာလုံဈေးတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၈၅၀ ဈေးရှိနေပြီး အလုံးသေးလျှင် ကျပ် ၆၀၀ မှ ၆၅၀ ထိဈေးပေါက်ကြောင်း သိရသည်။

(လဝန်းချို)

ယင်းမာပင်မြို့နယ်တွင် ချေးငွေများထုတ်ပေး

မုံရွာ စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များရှိ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ဆိုင်ခန်းပိုင်ရှင်များ အခြားလုပ်ငန်းများအား တိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ယင်းမာပင်မြို့ပေါ်ရှိ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ၇၅ဦးအတွက် ငွေကျပ်၃၇၅၀၀၀၀၊ ဆိုင်ခန်းရှင်တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀၀နှုန်းဖြင့် ၂၀၀ အတွက် ငွေကျပ် ၂၀၀၀၀၀၀၀၊ စတိုးဆိုင်လုပ်ငန်းရှင်တစ်ဦးလျှင် ငွေကျပ်၃၀၀၀၀၀ နှုန်းဖြင့် ၁၀၀ ဦးအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ဆိုင်ကယ်ဝပ်ရှော့ဆိုင်တစ်ဆိုင်လျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ခြောက်ဆိုင်အတွက် ငွေကျပ် ၃၀၀၀၀၀၀၊ ထော်လာဂျီ(လိုင်စင်ရှိ) လုပ်ငန်းရှင်တစ်ဦးလျှင် ငွေကျပ် ၁၀သိန်းနှုန်းဖြင့် သုံးဦးအတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ် ၆၂၇၅၀၀၀၀ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါ တင်ဒါ(၃)ခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) EAF အတွက် Water Cooled Cable(2)Nos

(ခ) ထုံးကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း(ပြည်ညောင်ဒေသ)

(ဂ) Turbo Compressor OilL-shell Turbo(T-46)1000 Lits

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၂၅-၉-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၉-၁၀-၂၀၁၃ရက်၊ ၁၂:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၉၀)၊ ဧရိယာ-၆၃၈၆. ၄၃ စတုရန်းပေရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ဆောက်လုပ်ထားသော R.C(၂ ထပ်)တိုက် အဆောက်အအုံ(၁)လုံးအပါအဝင် မြေပေါ်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ယင်းမြေကွက်ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းအေး[၁၂/ကတတ(နိုင်)၀၁၆၄၈၈]ထံမှ ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ကျွန်တော်၏မိတ်ဆွေမှ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှိုင်ဘွား LL.B	**ဒေါ်မေသိင်္ဂီလှိုင် LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၈၁၃၀)	**(စဉ်-၃၈၀၆၆)**
ဖုန်း-၀၉၈၅၅၂၂၀၄	**ဖုန်း-၀၉၇၃၁၇၀၁၆၀**

အမှတ်(၄၇၅)၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော တာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပေပါခွံဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

"Seminar" 2013 September 28,29 ရက်နေ့
KINETIC Real Estate Agency မှ

USA ဟိုတယ်၊ တိုက်ခန်း၊ အိမ်နှင့်အခြားစီးပွားရေးစီမံကိန်းများပါဝင်သော ကျွန်ုပ်တို့၏ပြပွဲသို့ "အခမဲ့" တက်ရောက်လေ့လာရန် ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

နေရာ- Central Hotel ၊ ပတ္တမြားခန်းမ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း
ဖုန်း - ၀၉-၇၃၀၄၄၇၆၅၊ ၀၉-၂၅၀၀၆၉၃၄၄၊ ၀၉-၅၁၄၂၈၆၈၊ ၀၁-၅၀၁၇၃၃ လိုင်းခွဲ-၁၃၂



အစေ့ထုတ်ပြောင်းဈေးမကောင်း၍ ပြောင်းစိုက်တောင်သူများအခက်ကြုံ

သီပေါ စက်တင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်၊ ဆောင်ကြဲ၊ ပန်ညူ၊ နောင်အန်၊ နောင်တော်ကြီးအရှေ့တောင်ခြမ်းဒေသနှင့် ရွာသစ်၊ ကျောင်းစု၊ ကျောင်းဖြိန်း၊ ဆိုင်းခေါင်၊ ဆွန်လုံ၊ ဘော်ကြို၊ မန်ဟဲ၊ မော်ကော၊ မြောက်ခြမ်းနှင့် အနောက်ခြမ်းဒေသတို့မှ ပြောင်းစိုက်ရှမ်းတောင်သူများ ပြောင်းဈေးမကောင်းသဖြင့် အခက်ကြုံနေရကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေးနှင့် ပြည်ဒေသတို့တွင် ပြောင်းတစ်အိတ် ၅၅ ပိဿာပါလျှင် ငွေကျပ်သုံးသောင်းပေါက်နေသော်လည်း မိမိတို့တွင် တစ်အိတ် ငွေကျပ် ၂၁၅၀၀နှင့် အစိုတစ်အိတ်လျှင် ကျပ်တစ်သောင်းသာဈေးရှိသဖြင့် လည်းကောင်း၊ ပြောင်းစတင်စိုက်ပျိုးချိန်က (888)ပြောင်းမျိုးစေ့များကို ငါးကီလိုတစ်အိတ်လျှင် တစ်သောင်းခုနစ်ထောင်ရှိရာမှ ယခုအခါကျပ်သုံးသောင်းနှစ်ထောင်အထိ ဝယ်ယူအသုံးပြုခဲ့ရသဖြင့် နှစ်ကြိမ်နှစ်ခါအရှုံးနှင့်သာ ရင်ဆိုင်နေရကြောင်းဖြင့် အငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်သည့် ပြောင်းစိုက်တောင်သူ ဦးစိုင်းချစ်လှိုင်က ပြောသည်။

ယခုပြောင်းရိတ်သိမ်းချိန်တွင် မိုးကောင်းသဖြင့် အချို့မိုးမိပြောင်းများကို ခြောက်သွေ့အောင်နေပြန်လှန်းနေရသဖြင့် ပြောင်းစိုက်တောင်သူများမှာ အရှုံးလည်းပေါ် အလုပ်လည်းပိုနေရကြောင်း သိရသည်။ **စိုင်း(သီပေါ)**

စီးပွားရေးကြော်ငြာ

ဆီးဂိမ်းအတွက် နေပြည်တော်-ရန်ကုန်-ပုသိမ်ယာဉ်လိုင်း ငွေဆောင်ကမ်းခြေအရောက်ပို့ဆောင်ပေးနိုင်ရန် စီစဉ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲများကို နေပြည်တော်-ရန်ကုန်-မန္တလေးနှင့် ပုသိမ်(ငွေဆောင်) ကမ်းခြေတို့တွင် ကျင်းပသွားရန် စီစဉ်ထားသည်။

ရန်ကုန်မြို့တွင် အားကစားပြိုင်ပွဲအမျိုးအစား ခုနစ်မျိုး၊ မန္တလေးမြို့တွင် ဘောလုံးပြိုင်ပွဲများနှင့် ပုသိမ်(ငွေဆောင်ကမ်းခြေ) မြို့တွင် သဲသောင်ပြင်အားကစားပြိုင်ပွဲများနှင့် ရွက်လှေပြိုင်ပွဲများ ကျင်းပရန်စီစဉ်ထားသည်။ ကျန်အားကစားပြိုင်ပွဲအားလုံးကို နေပြည်တော်ရှိ ဇေယျာသီရိအားကစားရွာ၊ လယ်ဝေးမြို့ အားကစားကွင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရွာများတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဇေယျာသီရိမြို့နယ် အားကစားကွင်းကြီးနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အားကစားရွာကြီးများမှာ နိုင်ငံတကာမှလာရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအားလုံး လုံလုံလောက်လောက်တည်းခိုနေထိုင် စားသောက်နိုင်ရေးနှင့် စည်းကမ်းတကျ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစား အမျိုးအစားအလိုက် အားကစားရုံကြီးများ၊ လေ့ကျင့်ရေးကွင်းများ၊ တည်းခိုဆောင်များစသည်ဖြင့် စနစ်တကျပြင်ဆင်လေ့ကျင့်မှုများ ဆောင်ရွက်ထားရှိကြောင်း ဦးစီးအရာရှိ ဦးသိန်းသန်းနိုင်က ရှင်းပြသည်။

ပုသိမ်ငွေဆောင်ကမ်းခြေတွင်ကျင်းပမည့် နိုင်ငံတကာရွက်လှေပြိုင်ပွဲများ၊ သဲသောင်ပြင် ဘောလုံးပွဲများကို ကျင်းပရန် စီစဉ်ထားရာ နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများကို အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ပွင့်လင်းရာသီတွင် စတင်နိုင်ရန်စီမံချက်များ ရေးဆွဲနေကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် ကမ္ဘာ့အဆင့်မီ နိုင်ငံတကာ အားကစားပြိုင်ပွဲများ မိမိတို့နိုင်ငံတော်ကြီးတွင် ကျင်းပခွင့်ရချိန်၌ နိုင်ငံတကာအားကစားပြိုင်ပွဲများအားလုံး လက်လှမ်းမီသမျှကြည့်ရှုအားပေးလိုသော မြန်မာပြည်သူပရိသတ်များ သွားလာရေးသည်လည်း အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပေသည်။

နေပြည်တော်မှပရိသတ်များသည် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပုသိမ်ငွေဆောင်ကမ်းခြေရှိ အားကစားပြိုင်ပွဲများသို့ သွားရောက်ကြည့်ရှုအားပေးလိုသော ဆန္ဒများရှိနေကြသလို မန္တလေးမြို့မှ ပရိသတ်များကလည်း အခြားမြို့များရှိပြိုင်ပွဲများသို့လည်းကောင်း၊ နေရာဌာနအသီးသီးမှ အားကစားပြိုင်ပွဲအမျိုးအစားအလိုက် ကြိုက်နှစ်သက်ရာ ရွေးချယ်သွားရောက် ကြည့်ရှုလိုကြသော ပရိသတ်ပြည်သူတို့၏ဆန္ဒများအတွက်ခရီးသွားပို့ဆောင်ရေးလုပ်ငန်းတာဝန်များမှာ များစွာအရေးပါသောကဏ္ဍတစ်ခု ဖြစ်လာသည်။

နေပြည်တော်မှပရိသတ်ပြည်သူများသာမက နေပြည်တော်မှတစ်ဆင့် ရန်ကုန်၊ ပုသိမ်ငွေဆောင်ကမ်းခြေသို့ အားကစားပြိုင်ပွဲ ကြည့်ရှုအားပေးနိုင်သည့်အပြင် နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများရှိရာ ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းကို လာရောက် လှေလာလိုခြင်းများကို အထောက်အကူဖြစ်စေနိုင်သည်။ နေပြည်တော်-ရန်ကုန်-ပုသိမ်မြို့သို့ တိုက်ရိုက်ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသော မော်ကွန်းသစ် Express အဆင့်မြင့်မော်တော်ယာဉ်လိုင်းမှ ငွေဆောင်ကမ်းခြေသို့အရောက် တိုက်ရိုက်ပြေးဆွဲပို့ဆောင်ပေးနိုင်ရန် စီစဉ်နေကြောင်းသိရသည်။ **(၅၃၇)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

ဆားလင်းကြီး စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ဆားလင်းကြီးမြို့ ချမ်းသာရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီးစက်တင်ဘာ ၂၀ရက်ကကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့များသည် ချမ်းသာရပ်ကွက်အတွင်းနေအိမ်များရှိ ဘုရားပန်းအိုးများ၊ ရေကန်များအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစဉ်များကို လက်တွေ့သရုပ်ပြလဲလှယ်ပေးပြီး နေအိမ်များ၊ကျောင်းများရှိ ရေတွင်း၊ ရေကန်များတွင် ခြင်ပေါက်ပွားမှုမှကာကွယ်ရန် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





(၂၀-၉-၂၀၁၃) ရက်စွဲဖြင့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများပါ ဦးဝင်းနိုင် [၁၂/မဘန(နိုင်) ၀၇၆၉၄၉] ASIA ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင်၏ ကြေညာချက်နှင့် ပတ်သက်၍ သက်ဆိုင်သူနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံများနယ်မြေ၊ ကံ့ကော်လမ်းနှင့် အာသောကလမ်းထောင့်နေ OK ဆန်ပွဲရုံပိုင်ရှင် ဦးဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

(၁) လူကြီးမင်း ဦးဝင်းနိုင် ASIA ကြေညာသကဲ့သို့ ဆန်စက်ကို ဦးဝင်းနိုင် ASIA တစ်ဦးတည်းမှ ဝယ်ယူရန်သဘောတူခဲ့ခြင်းမဟုတ်ပါ။ ဦးမြတ်ထွန်း (ရွှေမန်းလုပ်ငန်းစု ပေါင်းတည်)နှင့် နှစ်ဦးပူးတွဲ၍ ဝယ်ယူရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။

(၂) စရန်ငွေပေးပြီးနောက်တွင်လည်း လူကြီးမင်း ဦးဝင်းနိုင် ASIA ဘက်မှ ငွေအပြေအကျေပေးချေရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သဖြင့် ဦးမြတ်ထွန်းမှ အရောင်းအဝယ်ကို ဖျက်သိမ်း၍ ပေးထားသော အရောင်းဖိုးစရန်ငွေများကို ကျွန်မ၏အမှုသည် ဦးဝင်းနိုင် OK ထံမှ ပြန်လည်ရယူသွားပြီးဖြစ်ပါသည်။

(၃) ဆန်စက်အရောင်းအဝယ်ကိစ္စရပ်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ စရန်ငွေတစ်စိတ်တစ်ပိုင်းနှင့် ပတ်သက်၍သော်လည်းကောင်း၊ မူလဝယ်ယူရန်ကတိပြုသူ ဦးဝင်းနိုင် ASIA နှင့် ဦးမြတ်ထွန်း (ရွှေမန်းလုပ်ငန်းစု ပေါင်းတည်)တို့ နှစ်ဦးငွေပေးငွေယူနှင့် ရောင်းဝယ်မှုဆိုင်ရာ အငြင်းပွားမှုများသာဖြစ်ပြီး ကျွန်မ၏အမှုသည် ဦးဝင်းနိုင် OK နှင့် လုံးဝပတ်သက်မှု မရှိမှန်းသိပါလျက် နိုင်ငံပိုင်သတင်းစာများမှ ကြေညာခြင်းမှာ ကျွန်မအမှုသည် OK ဆန်ပွဲရုံမိသားစုအား ဂုဏ်သိက္ခာညှိုးနွမ်းစေရန် တမင်ကြံရွယ်၍ ကြေညာခြင်းဖြစ်ပါသည်။

သို့အတွက် လူကြီးမင်း၏ ကြေညာချက်များအား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ရှေ့ဆက်၍ မမှန်မကန်တရားစွဲဆိုလာပါက ကျွန်မအမှုသည်မိသားစု ဂုဏ်သိက္ခာအတွက် ပြန်လည်တုံ့ပြန်ရလိမ့်မည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဦးဝင်းနိုင် OK ဆန်ပွဲရုံမိသားစု၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်ဝင်းမြင့် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)
အမှတ်(၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉၅၁၂၀၈၅၈

မအိုဆေး

သီလဝသား

အချိန်တိုအတောအတွင်း ကိုယ့်လုပ်ငန်းကို မြန်မြန်ဆန်ဆန်လုပ်နိုင်တဲ့ ဒီနေ့အချိန်အခါမှာ ဆိုင်ကယ်ဆိုတာ မရှိမဖြစ် အစီးအနင်းတစ်ခုလို့ သီလဝသားတို့ မှတ်ယူထားပါတယ်။ ပွင့်လင်းမြင်သာတဲ့ ဒီနေ့အချိန်အခါနဲ့ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော်အချိန်အခါဟာ အလွန်ပဲကွာခြားလွန်းပါတယ်။ သီလဝသားတို့မြို့မှာ ဆိုင်ကယ်ဆိုတာ လက်ချိုးရေကြည့်လို့ရပါတယ်။ နိုင်ငံတော်က ပံ့ပိုးမှုနဲ့ ဌာနဆိုင်ရာလုပ်ငန်းများဆောင်ရွက်ဖို့ ဆိုင်ကယ်သုံးစီးချီးမြှင့်ခဲ့ပါတယ်။ ဆိုင်ကယ်ဆိုတာက လည်း လှည်းလမ်းကြောင်း၊ ကန်သင်းရိုး၊ စက်ဘီးစီးသွားလို့ရတဲ့လမ်း အစရှိသဖြင့် နေရာတိုင်းမှာ စီးနင်းနိုင်တာမို့ ဆေးကုသမှုလုပ်ငန်းတွေ၊ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းတွေအပြင် တောင်သူလုပ်ငန်းများကိုပါ ကူညီဆောင်ရွက်ပေးနိုင်တာကြောင့် အဲဒီအချိန်အခါက သီလဝသားတို့က တကယ့်မင်းသားမှ တကယ့်မင်းသား ဖြစ်ခဲ့ရကာ ယနေ့အငြိမ်းစားယူတဲ့အထိ သတိတရရှိနေဆဲပါ။ လွမ်းလည်းလွမ်းနေဆဲပါ။

ဆိုင်ကယ်အကြောင်းပြောရတာ တစ်နေ့က ဆောင်းပါးရှင်ဆရာကြီးတစ်ဦးရဲ့အကောင်းမြင်ဝါဒနဲ့ ဆိုင်ကယ်များ နေရာဒေသမရွေး စီးနင်းခွင့်ပြုစေလိုတဲ့ အကြောင်းပါ။ အားသာချက်၊ အားနည်းချက်များကို သေသေချာချာ စိစိစစ်စစ် ဝေဖန်တင်ပြပေးသွားတာ အင်မတန်မှလျော်ကန်သင့်မြတ်လှပါတယ်။ ယာဉ်ကြောတွေကျပ်ညပ်လှပြီး ခရီးစဉ်တစ်ခုကို အချိန်နာရီပေါင်းမြောက်မြားစွာပေးခဲ့ရလို့ လုပ်အားတွေ၊ လူမှုရေးတွေ၊ စီးပွားရေးတွေ ဘယ်လောက်နောက်ကျကျန်ရစ်နေသလဲဆိုတာ ဖတ်ရမှတ်ရတဲ့အတွက် ကျေးဇူးတင်မိပါတယ်။ ဆိုင်ကယ်တွေစီးနင်းခွင့်(သတ်မှတ်နေရာ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက်)ပြုပေးတဲ့နိုင်ငံတော်ကိုလည်း အထူးကျေးဇူးတင်ရမှာပါ။ ဆင်းရဲပါတယ်ဆိုတဲ့ သီလဝသားတို့ရဲ့ နိုင်ငံမှာ ဆိုင်ကယ်စီးရေ ဘယ်လောက်များသလဲဆိုတာ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ နှစ်အလိုက် ပျက်စီးဆုံးရှုံးမှု၊ ဒဏ်ရာရရှိမှု၊ သေဆုံးမှုတွေရဲ့ဇယားတွေကို ကြည့်ရင် သိနိုင်ပါတယ်။ (သီးခြားဖော်ပြလျက်) စာရင်းဇယားမဝင်ဘဲ သေကျေပျက်စီးခဲ့တဲ့အကြောင်းအရာတွေလည်း ရှိချင်ရှိနေမှာပါ။ ဘယ်လိုပင်စည်းကမ်းနည်းလမ်းတွေနဲ့ ထိန်းသိမ်းထိန်းသိမ်း စည်းမဲ့ကမ်းမဲ့စီးနင်းနေတဲ့ လူငယ်လူရွယ်တွေရဲ့ အကျင့်စရိုက်တွေကို မပြုပြင်နိုင်သမျှ ကာလပတ်လုံး သေဆုံးမှုနှုန်းတွေမြင့်နေဦးမှာပါ။

သီလဝသားတို့ကို နိုင်ငံတော်က ချီးမြှင့်ခဲ့တဲ့ ဆိုင်ကယ်စီးတုန်းက ကျောင်းဆရာဦးလေးရဲ့ပြောတဲ့စကားကို ဒီနေ့အထိမမေ့နိုင်သေးပါဘူး။ ဆိုင်ကယ်စီးတယ်ဆိုတာ ဓားသွားပါးပါးထက်ထက်ပေါ်လမ်းလျှောက်နေတာပါတဲ့။ အဲဒီတုန်းကတော့ နားလည်းမဝင်ပါဘူး၊ ဦးလေးက သူမစီးရလို့ပြောတာပဲဆိုပြီး စိတ်တောင်ဆိုးမိပါသေးတယ်။ အဲဒီအချိန်က လမ်းကြောဆိုတာ စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်းပဲရှိတာ၊ ကားဆိုတာ လမ်းပေါ်မှာ ဝေးဝေးမှ တစ်စီး သွားလာနေကာ ကားအစီးရေအတော်ကိုနည်းပါတယ်၊ အဲဒီအချိန်အခါမှာပဲ သီလဝသားရရှိခဲ့တဲ့ ဒဏ်ရာတွေဟာ ခုထိတိုင်ရှိနေဆဲပါ။ သေရွာပါသွားမယ့် ဒဏ်ရာတွေပါ။ ဒီတော့မှ ဦးလေးကျောင်းဆရာရဲ့စကား နားလည်လက်ခံသဘောပေါက်မိပါတယ်။

ဒီနေ့လမ်းပန်းဆက်သွယ်ရေးဟာ(အစွန်အဖျားဒေသ အနည်းငယ်မှလွဲ၍)အလွန်အင်မတန်ချောမွေ့နေပါတယ်။ အမြန်လမ်းမကြီးတွေ၊ ကွန်ကရစ်လမ်းမကြီးတွေ၊ နိုင်လွန်ကတ္တရာလမ်းမကြီးတွေဟာ ညီညာပြန့်ပြူးလှတဲ့ အခင်းအကျင်းနဲ့တည်ဆောက်ထားပါတယ်။ အဲဒီလမ်းမကြီးပေါ်မှာ ဆိုင်ကယ်အသစ်နဲ့များစီးလိုက်ရရင်ဖြင့် လေပေါ်မှာပျံဝဲနေတဲ့ငှက်တွေလို ဘဝင်လေထိပြီး ဈာန်ရသလို မြောက်ကြွနေတာအမှန်ပါ။

ဖြောင့်ဖြူးလှတဲ့ လမ်းတွေပေါ်မှာ အရှိန်ပြင်းပြင်းနဲ့ သွားလာနေတဲ့ ဆိုင်ကယ်တွေဟာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် အကြောမပေးဘူးဆိုတဲ့ စိတ်ဓာတ်တွေ၊ သတ်မှတ်စည်းကမ်းတွေကို လက်တစ်လုံးခြားလုပ်ပြီး စီးနင်းမှုတွေ၊ လစ်ရင်လစ်သလို လမ်းကြောပြောင်းပြန်စီးနင်းမှုတွေအပြင် ဝမ်းနည်းအံ့သြစရာကောင်းလှတာက မူးယစ်ဆေးဝါးဆေးပြားတွေကို အလွယ်တကူ ဝယ်ယူစားသုံးပြီး အုပ်စုဖွဲ့သောင်းကျန်းစီးနင်းနေကြတာပါ။ သူတို့ကို မူနဲ့ဘောင်နဲ့ မကိုင်တွယ်မထိန်းချုပ်ဘဲနဲ့ ယာဉ်ကြောပိတ်ဆို့လှတဲ့မြို့တော်မှာ စီးနင်းခွင့်ပြုရင်ဖြင့် မအိုဆေးတိုက်ကျွေးသလိုဖြစ်သွားမှာ မြေကြီးလက်ခတ်မလွဲပါ။

ယနေ့ လူငယ် နောင်ဝယ် လူကြီးဆိုတဲ့အတိုင်း နောင်တစ်ခေတ်နိုင်ငံတည်ဆောက်မယ့် လူငယ်တွေဟာ ရှေ့နောက်စဉ်းစားတွေးခေါ်တတ်ပြီး ဆင်ခြင်တုံတရားရှိတဲ့ ပုဂ္ဂိုလ်လေးတွေဖြစ်စေလိုပါတယ်။ ဘယ်သူ ပျက်စီး ပျက်စီး၊ ပျက်စီးမှုက လူသားအရင်းအမြစ်တွေ လျော့နည်းပျောက်ဆုံးသွားတာပါပဲ။ မအိုဆေးဆိုတာက အိုကိုမအိုရတော့ဘဲ နုပျိုတဲ့အရွယ်မှာပဲ ဘဝကို စွန့်လွှတ်လိုက်ရတာလို့ပြောတဲ့ စီနီယာကားဆရာကြီးရဲ့ အဆိုတစ်ခုဟာ မမေ့နိုင်စရာပါ။

အောက်ပါ မတော်တဆဖြစ်ပွားမှုအခြေအနေမှ သေဆုံးသွားကြရတဲ့ သူတွေထဲမှာ မအိုဆေးစားလိုက်တဲ့ လူငယ်တွေအများဆုံးပါဝင်နေမှာပါခင်ဗျာ. . . .

စဉ်	နှစ်အလိုက်ဖော်ပြမှု	မော်တော်ယာဉ်နှင့် ဆိုင်ကယ်				
		ဖြစ်ပွားမှု	ဒဏ်ရာရရှိမှု		သေဆုံးမှု	
			ကျား	မ	ကျား	မ
၁။	၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိဖြစ်ပွားမှု	၁၅၂၀	၁၆၂၅	၆၄၇	၄၃၂	၁၀၃
၂။	၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိဖြစ်ပွားမှု	၁၀၃၈	၁၂၄၄	၃၇၇	၃၁၄	၅၇

(နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စာရင်းဇယားများကို ဖော်ပြပါသည်။)

ဘိုင်ဘင်ကွေ့တွင် လမ်းခင်းကျောက်ခွဲသားများ အောင်မြင်စွာထုတ်လုပ်

စစ်ကိုင်း စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးဗန်းမောက်မြို့နယ် အင်းတော်-ဗန်းမောက် ကားလမ်း တံတားအမှတ် (၄/၃၈) အနီး ဘိုင်ဘင်ကွေ့တွင် လမ်းခင်းကျောက်ခွဲသားများ ဆိုဒ်စုံကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။**(ယာပုံ)**

ကျောက်ခွဲသားများမှာ ခြောက်ကိုးဆိုဒ်နှင့် နှစ်လေးဆိုဒ်များ ထုတ်လုပ်ပြီး အင်းတော်မြို့နယ် လမ်းပိုင်းအတွက်သာ အဓိကထားထုတ်လုပ်ကာ ကျောက်တစ်ကျင်းလျှင် ကားပေါ်တင်အပြီး ကိုးထောင်ကျပ်နှုန်းဖြင့် ဆောက်လုပ်ရေးသို့ ရောင်းချရကြောင်း၊ မိုးတွင်းကာလတွင် တစ်ရက်ရှစ်ကျင်းသာထုတ်လုပ်နိုင်ပြီး ပွင့်လင်းရာသီတွင် တစ်ဆယ့်ရှစ်ကျင်းအထိ အများဆုံးထုတ်လုပ်နိုင်ကာ အလုပ်သမားခြောက်ဦးဖြင့် လုပ်ကိုင်လျက်ရှိရာ ကျောက်ကျင်း ၁၀၀၀ ကျော် ခန့်ထုတ်လုပ်နိုင်ခဲ့ပြီး နောက်ထပ်ကျောက်ကျင်း ၁၅၀၀ ခန့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ကျောက်ထုတ်လုပ်ရေးစခန်းမှ တာဝန်ခံ ဦးအောင်ဖြိုးဝေက ရှင်းပြသည်။

(ချစ်လင်း)

စီးပွားရေးကြော်ငြာ

“ဒိုးအံ (ဈေးဦး)” ရုံးချုပ်မှ ရောင်းမည်။

၁။ အင်းယားလမ်း	(5000Sqft)	(ဂရန်)	မြေ	1Sqft 3.3L
၂။ အင်းစိန်လမ်းသစ်လမ်းမ	(50x140)	(ဂရန်)	မြေ	16000L
၃။ ကျောက်ကုန်း	(50x100)	(ဂရန်)	1½RC	13000L
၄။ အင်းစိန်ကျွန်းလမ်းမ	(60x240)	(ဂရန်)	2RC	12900L
၅။ (၉)မိုင်ပြည်လမ်းသွယ်	(7500Sqft)	(ဂရန်)	မြေ	12500L
၆။ ရန်ကင်းအောင်ခေတ္တာလမ်းမ	(36x75)	(ဂရန်)	2BN	8000L
၇။ လှိုင်ယမ်ရီလမ်းမ	(60x40)	(ဂရန်)	မြေ	7500L
၈။ သုဝဏ္ဏ(I)	(40x80)	(ဂရန်)	မြေ	5000L
၉။ မရမ်းကုန်းရွှေနှင်းဆီလမ်း	(44x70)	(ဂရန်)	မြေ	3500L
၁၀။ သာကေတလမ်းမပေါ်	(20x60)	(ဂရန်)	2BN	3300L
၁၁။ လှိုင်အင်းစိန်လမ်းသွယ်	(2000Sqft)	(ဂရန်)	2BN	2500L
၁၂။ အင်းစိန်အရှေ့ကြို့ကုန်း	(50x70)	(ဂရန်)	မြေ	2000L
၁၃။ (၁၀)မိုင်ပြည်လမ်းအနီး	(2070Sqft)	(ဂရန်)	မြေ	1800L
၁၄။ လှိုင်ရွာမကျောင်းလမ်း	(23x40)	(ပါမစ်)	မြေ	1600L
၁၅။ တာ/ဥသာဂမ်းလမ်းကျောက်တလ	(40x60)	(ဂရန်)	မြေ	1500L

☎ - 510 600, 510 950, 500 643, 510 940, 510760

Perkins Generator
ရောင်းရန် / ငှားရန်ရှိသည်
20KVA to 1000KVA
Contact

ဓနလေခ အဆီကျဆေး

CNG Taxi
09 430 96605

ခရုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များအထူး
09-73005053
09-5122010

ကားရောင်းမည် (နံပါတ်အသစ်)
WINGROAD နက် ၁၈၀၀ CC ၁၅၅ သိန်း
2007 Smart (Germany) Wagon ၉၉ သိန်း
2003 Hilux Space Cap Jpn ၁၄၅ သိန်း
CNG50အိုး CC Caldinaနောက်လေး ၁၈၂ သိန်း
660 CC Mini-Trucks များ ၅၅-၆၅ သိန်း
PH:09-5108316, 01-548293,552525

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ် သဲကုန်းမြို့ အထက ကျောင်းသား/ကျောင်းသူဟောင်းများ ၂၀၁၃ ခုနှစ် (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် နံနက် မိတ်ဆုံစားပွဲ

သဲကုန်းအထက ကျောင်းသား/ကျောင်းသူဟောင်းများက သဲကုန်း အထကတွင် (၁)နှစ် ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစား သက်ပြည့်ယူသွားခဲ့ကြသော ဆရာကြီး/ဆရာမကြီး (၈)ဦးတို့အား (၃၁)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို သဲကုန်းအထက သာခုခန်းမတွင် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်) ၂၀၁၃ခုနှစ် အောက်တိုဘာလ ၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မိတ်ဆုံစားပွဲကို သဲကုန်းအထက ပညာဗိမာန်ခန်းမတွင် ၎င်းနေ့ နံနက် ၁၀း၃၀ နာရီ တွင်လည်းကောင်း နှစ်စဉ်ကျင်းပပြုလုပ်မြဲအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် သဲကုန်းအထကတွင် ပညာရည်နို့သောက်စို့ခဲ့ကြသောကျောင်းသား/ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများ အောက်ပါပုဂ္ဂိုလ်များဖြင့် ဆက်သွယ်ထည့်ဝင်ကြပါရန်။

၁။ နေပြည်တော် - ဦးဆွေမြင့် ဖုန်း-၀၆၇-၄၂၁၇၆၄၊ ၀၉-၄၉၂၇၄၆၄၉
၂။ ရန်ကုန် - ဦးခင်မောင်ထွန်း ဖုန်း-၀၉-၈၆၁၁၈၇၈
ဦးဝမ်းမြင့် ဖုန်း-၀၉-၄၉၂၂၈၈၅၃
ဦးဇော်ဝင်း ဖုန်း-၀၉-၇၃၀၂၀၇၇၆
၃။ မန္တလေး - ဦးသိန်းဇော် ဖုန်း-၀၉-၆၈၀၆၁၁၃
၄။ ပြည် - ဦးတင်အေး ဖုန်း-၀၉-၅၃၁၀၇၅၄
ဦးအေးလွင် ဖုန်း-၀၅၃-၂၄၄၃၂
ဦးစောထွန်း ဖုန်း-၀၉-၄၂၃၆၇၆၀၃၀
၅။ သဲကုန်း - ဦးတင်ဦး ဖုန်း-၀၅၃-၆၂၀၂၉၊ ၀၉-၅၀၉၉၇၅၉
ဦးအေးကို ဖုန်း-၀၉-၄၂၃၆၈၉၇၉၃
နေ့ချင်း- မြန်မာ့စီးပွားရေးဘဏ်၊ သဲကုန်းသို့ Fax ဖြင့် ငွေပို့ရန်
ဦးတင်ဦး (အတွင်းရေးမှူး) [၇/သကန(နိုင်)၀၇၁၇၈၅]

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

မွေးနေ့မင်္ဂလာဆုမွန်လွှာ

- ချစ်သမီးလေး- **ကျော့ရွှေစင်** Final Year YUFL (Korean)
- မိဘ ဘိုးဘွား- ဆ-ပွားချစ်ပို
- ရှုမငြီးတဲ့- သမီးပျို့. . .
- လှမျိုးစုံကြွယ်
- လွန်တင့်တယ်သည့်
- ဖူးပွင့်လှိုင်ဖြိုး
- တစ်ဆယ့်ကိုးမှ
- နှစ်တိုင်းဆင်နွှဲ
- မွေးနေ့ပွဲကို
- ဆန္ဒ ဘဝ
- ထပ်တူကျ၍
- နေ့ညရွှင်ပျော်
- ပြုံးပန်းမော်လျက်
- ပွဲလယ်တိုင်းတင့်
- အောင်ပန်းဆင့်ကာ
- ရာကျော်သက်ဆုံး တိုင်စေသော်. . . .

ဖေကြီး-မေကြီး
ကိုကြီးကျော်စွာဟိန်း-မမအိသူ
NEW Boy မှ ကိုကို၊ မမများ

မြောက်ဦးမြို့နယ်လုံးကျွတ်
အာစရိယပူဇော်ပွဲ

မြောက်ဦးမြို့နယ် အခြေခံပညာကျောင်းများတွင် အနည်းဆုံး ပညာသင်နှစ် (၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၅)နှစ်ပြည့်ပြီးသည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါကော်မတီဝင်များကို ဆက်သွယ်၍ လှူဒါန်းနိုင်ကြပါသည်။

၁။ ဦးမောင်သန်းတင်	ဖုန်း-၀၉-၇၃၂၂၄၉၂၅
၂။ ဦးစောသိန်း	ဖုန်း-၀၉-၄၂၀၀၁၃၀၁၄၀
၃။ ဦးရွှေမြသာ	ဖုန်း-၀၉-၇၃၀၁၉၉၈၅
၄။ ဦးအောင်ကျော်ဇော(ဦးလူစီ)	ဖုန်း-၀၉-၅၁၇၁၇၃၀
၅။ ဦးကျော်နိုင်	ဖုန်း-၀၉-၅၁၄၃၅၇၄
၆။ ဒေါ်မြမြဝိုင်း	ဖုန်း-၀၉-၇၃၀၇၃၈၃၄
၇။ ဒေါ်ခင်ရွှေ(ဒေါ်မေလုံး)	ဖုန်း-၀၉-၅၁၇၄၀၇၃

Seven စံ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ရောင်းလို/ ဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ ပွဲခပေးရန်မလိုပါ။ အိမ်အရောက် ငွေပေးချေသည်။

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. Sales Representative	Male	(10)Post
2. Marketing Coordinator	Male/Female	(3)Post
3. Marketing Supervisor	Male	(3)Post
4. Sales Supervisor	Male	(5)Post
5. Sales Admin	Female	(5)Post
6. Accountant	Female	(5)Post
7. Auditor	Female	(2)Post
8. Electrician	Male	(2)Post
9. Purchaser	Male	(2)Post
10.Driver	Male	(5)Post

အမှတ်စဉ်(၁)အတွက် FMCG လိုင်းအရောင်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။ အသက်(၂၀မှ၃၀)နှစ်အတွင်း ဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။
အမှတ်စဉ်(၂-၃)အတွက် ဘွဲ့ရ FMCG လိုင်းတွင် Marketing အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။
အမှတ်စဉ်(၄)အတွက် FMCG လိုင်းတွင် Sales Force Management ကျွမ်းကျင်ပြီး အရောင်းအဖွဲ့ခွဲများကို ဦးဆောင်ကာ အရောင်းဖော်ဆောင်နိုင်သူ ဖြစ်ရမည်။ အချိန်မရွေး ခရီးသွားလာနိုင်သူ ဖြစ်ရမည်။ အသက်(၃၀)နှစ်အထက်ရှိသူ ဖြစ်ရမည်။
အမှတ်စဉ်(၅)အတွက် ဘွဲ့ရပြီး Computer(Excel)ကျွမ်းကျင်သူ ဖြစ်ရမည်။ အသက်(၁၈မှ၂၅)နှစ်အတွင်းရှိရမည်။
အမှတ်စဉ်(၆)အတွက် B.Com(or)DA (or)B.Act.(or)LCCI Level (II,III)အောင်မြင်ပြီးသူ ဖြစ်ရမည်။
အသက်(၃၅)နှစ်အောက် Computer Accounting နှင့် Soft Ware ပိုင်း နားလည်ကျွမ်းကျင်သူ ဖြစ်ရမည်။
အမှတ်စဉ်(၇)အတွက် B.Com (or)DA ဘွဲ့လက်မှတ်ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
အသက်(၃၀မှ၅၀)နှစ်အတွင်း ဖြစ်ရမည်။ ကျွမ်းကျင်လုပ်သက်ရှိပါက အသက်အပိုင်းအခြားအား လျှော့ပေါ့စဉ်းစားပေးမည်။
အမှတ်စဉ်(၈)အတွက် A.G.T.I (or) THS (Electrical)နှင့်ပတ်သက်၍ သက်ဆိုင်ရာဘွဲ့လက်မှတ်၊ ဒီပလိုမာရရှိထားသူ ဖြစ်ရမည်။ Generator နှင့် ပတ်သက်၍ နားလည်တတ်ကျွမ်းပြီး အတွေ့အကြုံရှိသူ ဦးစားပေးမည်။ အသက်(၃၀မှ၃၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။
အမှတ်စဉ်(၉)အတွက် ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
အမှတ်စဉ်(၁၀)အတွက် ယာဉ်မောင်းလိုင်စင်(အနီ၊အနက်)ကိုင်ဆောင်သူဖြစ်ပြီး Model မြင့် ယာဉ်မျိုးစုံ မောင်းနှင်နိုင်ရမည်။ အချိန်မရွေး ခရီးသွားလာနိုင်သူ ဖြစ်ရမည်။ အသက်(၃၀မှ၅၀)နှစ်အတွင်းရှိသူဖြစ်၍ အိမ်ကားလည်း မောင်းနှင်နိုင်ရမည်။

လျှောက်ထားသူများသည် ရိုးသား၍ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ပြီး CV Form၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်အတွင်း အကျင့်စာရိတ္တကောင်းမွန်စွာနေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာ(မူရင်း)၊ ရဲစခန်းထောက်ခံစာ(မူရင်း)၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ (ရွေးချယ်ခြင်းမခံရသော အလုပ်လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။)

United Pacific Co.,Ltd
အမှတ်(၇၉)၊ အုတ်ပုံဆိပ်လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၆၅၂၈၈၈၊ ၆၅၆၂၉၃၊ ၆၅၆၃၂၂

မိဘအမည်မှန်

ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အထက (၅)၊ ဆဋ္ဌမတန်း(A)မှ မရွှေစင်လှဲ့၏ မိဘအမည်မှန်မှာ ဦးအောင်မင်းနှင့် ဒေါ်သန်းသန်းဌေး ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅ကံဘဲ့၊ မြေကွက်အမှတ်-၂/သ၊ မြေကွက်တည်နေရာအမှတ်-၅၅၃၊ တရုတ်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ကိုမောင်ဘာမဖွားရှင်) အမည်ပေါက် နှစ်(၃၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်-၄၉၉/၆၂ဖြင့် ဦးညဏ်၊ဒေါ်သိတို့မှ ပိုင်ဆိုင်လာပါသည်။ ဦးညဏ်နှင့်ဒေါ်သိတို့ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်စာချုပ်-၁၉၅၃/၂၀၁၂၊ ၂၉-၃-၂၀၁၂ဖြင့် သားသမီးများဖြစ်ကြသည့် ဦးမြင့်ဆွေ၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်အိသူဇာ၊ ဒေါ်အိဖြူခင်တို့မှ ပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်-၄၄၆၀/၂၀၁၂၊(၁၁-၉-၂၀၁၂)ဖြင့် ဒေါ်ဖြူလှရင်[၉/မမန(နိုင်)၀၈၀၅၉၀]မှ ပိုင်ဆိုင်လာပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်သဥ္ဇာ[၁၂/ဥကတ(နိုင်)၁၂၈၁၁၄] မှ ဂရန်ပျောက်ဆုံးကြောင်း၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ S/Pအမှတ်- ၂၀၀၅၃(၂၀-၁၂-၁၂)တို့တင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရောင်းမည် (နံပါတ်အသစ်)

2010 RVR 1800 CC	၃၂၅သိန်း
2012 Corolla AXIOငွေ 1300cc	၂၂၂သိန်း
Succeed TX ရွှေ၊ ငွေ၊ ဖြူ၊ ပြာ	၁၃၇ သိန်း
2008 Belta အဖြူ	၁၃၇ သိန်း
2008 Nissan AD-VAN	၁၀၀ သိန်း

PH:09-5108316, 01-548293,552525

မြေကွက်ဝယ်လိုသည်

09 31268183
09 31589922

လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်ကြောင်း
အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၄)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အိမ်အမှတ်(၉၈၄/ခ)နေ ဒေါ်လင်းလင်းထွန်း[၁၂/ဒဂတ(နိုင်)၀၆၈၁၄၇]ကိုင်ဆောင်သူနှင့် ကျွန်တော် ဦးသော်ဇင်ထွန်း[၁၂/သဃက(နိုင်)၁၄၆၁၃၇]ကိုင်ဆောင်သူတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်ခြင်းမရှိသဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ၎င်း၏မိခင်ရှေ့၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသော်ဇင်ထွန်း[၁၂/သဃက(နိုင်)၁၄၆၁၃၇]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၅

ဒေါ်ခင်စန်းရီ	နှင့်	ဦးထွန်း
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၆၆၆နံ)နေ ဦးထွန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) (ဗုဒ္ဓဟူးနေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းဌေး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီအပူဇော်ခံပွဲတော်ကျင်းပမည်

အင်းလေးဖောင်တောင်ဦးဘုရားရုပ်ရှင်တော်မြတ်များသည်(၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ရက်)၅-၁၀-၂၀၁၃ရက်မှ ၂၂-၁၀-၂၀၁၃ရက်အထိ အင်းလေးဒေသ ၂၁၄ာနသို့ ကြွချီအပူဇော်ခံမည်ဖြစ်သည်။ ညောင်ရွှေမြို့တွင် (လဆန်း၇ရက်မှ ၉ရက်အထိ) ၁၁-၁၀-၂၀၁၃ရက်မှ ၁၃-၁၀-၂၀၁၃ရက်ထိ အပူဇော်ခံပွဲတော် ကျင်းပမည်ဖြစ်ရာ ရိုးရာလှေပြိုင်ပွဲများ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဇာတ်ပွဲ၊ ကြည့်ချင်ပွဲ၊ ပညာပေးပြခန်းများ၊ ဈေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကျင်းပရေးကော်မတီ၊ ညောင်ရွှေ
ဖုန်း-၀၈၁-၂၀၉၆၈၄

တောင်ငူမြို့၊ သမာဓိမိခင်ကြီးဒေါ်ဒေဝကီးဒေဝီ(ခ)ဒေါ်မေနှင်းဆီအတွက် (၇၅)နှစ်ပြည့်စိန်ရတုမွေးနေ့ဆုတောင်းလွှာ

၂၆-၉-၂၀၁၃ရက်တွင် ကျရောက်သည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ကြီး **ဒေါ်ဒေဝကီးဒေဝီ(ခ) ဒေါ်မေနှင်းဆီ**၏ (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မှသည် အသက်(၁၀၀)ကျော်တိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ခင်ပွန်း-ဦးကျော်လှ(သတင်းထောက်)၊ ချစ်သားသမီးနှင့် မြေးများ၊ သမာဓိမိသားစု၊ တောင်ငူ

ရွှေပလ္လင်
TEA. COFFEE. NOODLES
“နံရိုးပေါင်းဂေါ်ရည်”
အရမ်းကောင်းဆိုပဲ!
Ocean (North Point)
Junction - 8
Junction - Square
Junction - Maw Tin

ဥက္ကလာသီရိမြို့ KEYSTONE TEA. COFFEE. NOODLES. Ocean Supercenter
ဆိုင်သစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ်
FREE!

FAME Uritec®
For urinary tract infection
ကျောက်ကပ်ရောဂါ

FAME Urocrush®
For renal stones
ကျောက်ကပ်ကျောက်တည်ခြင်း

ယနေ့ခေတ်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း
(Modern Automotive Technology, Software ရှင်းနှင့် OBD II)
OBDII, OBDI
Engine Doctor Engineering
No. 102, G Floor, 52nd st, Middle Yangon, Tel: 094211 44495, 96, 97

ဝန်ထမ်းအလိုရှိသည်။
A A Electronics Ltd.

Position	Sex	Vacancy
Marketing Executive (Electronics)	M/F	10
Sales Promotor (Electronics)	M/F	15
Technician (TV,DVD)	M/F	5
Technician (Aircon/Refrigerator/Washing Machine)	M	5
Accountant	F	3
Office Staff	F	2
Driver	M	3
	M	2

Samsung Plaza

ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင်[၉/နထက(နိုင်)၁၀၇၁၇၇]ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ အမှတ်(၄၀)နေ ဒေါ်မာလာသန်း[၁၂/လမန(နိုင်)၁၃၁၆၆၃] မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ စပယ်လမ်း၊ မြေကွက်အမှတ်(ခ/၁၀၂)၊ ဧရိယာ(. ၀၃၂)ဧကပေါ်ရှိ အမှတ်(၅)နေအိမ်ပိုင်ရှင်နှင့် မြေအမည်ပေါက်မှာ ကွျန်မ၏အဘိုး (ဗိုလ်. စွပ္ပရာ(ခ) ဦးစူပယားပီလေး)ဖြစ်ပါသည်။ အဆိုပါမြေကွက်၊ နေအိမ်နှင့် အခြားသော အကျိုးခံစားခွင့်များကို ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ခွဲခြမ်းစိတ်ဖြာခြင်း၊ ရောင်းဝယ်၊ ပေါင်နှံ၊ လွှဲပြောင်းပေးကမ်းခြင်းတို့ကို မပြုလုပ်ကြပါရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်မာလာသန်း
[၁၂/လမန(နိုင်)၁၃၁၆၆၃]

ကားဝယ်လိုသူနှင့်ရောင်းချလိုသူအားလုံးစောင့်မျှော်နေကြသောမြန်မာနိုင်ငံ၏အကြီးဆုံးကားပြပွဲကြီး
ကားပြပွဲကြီး(မိုင်ဒါကွင်း)
မိုင်ဒါကွင်း၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့ နံနက်(၉)နာရီမှ ည(၈)နာရီ 17.10.13 to 20.10.13
ပြခန်းဆိုင်ရာ SMART BUSINESS GROUP PH:01-656875,667473,09-73014777,09-5099079

KBZ Bank (Account No. 0071220029870)

မလှိုင် အထက ကျောင်းသားဟောင်းများ ဖိတ်ကြားအပ်ပါသည်

ကျွန်တော်၊ ကျွန်မတို့ မလှိုင် အထက ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာလ ၂၁ရက် နံနက် ၈နာရီတွင် အထက ဧရာဝတီခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် ထပ်မံဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို ဒေါ်ခင်ဌေးဦး ၀၁-၅၄၅၆၇၂၊ ဒေါ်ခင်မေနွဲ့ ၀၁-၅၁၆၇၃၅၊ ဦးကျော်စိုး ၀၉-၅၀၉၉၃၃၀၊ ဦးဇော်လင်းဦး ၀၉၄၉၇၇၇၃၁၊ ဦးအောင်ကျော်ထိုက် ၀၉၄၀၂၅၂၈၅၀၄၊ ဒေါ်တင်ထွေး ၀၂-၃၂၆၅၇၊ ဦးစိုးမြင့်ဟန် ၀၉၅၁၃၆၈၄၄၊ ဒေါ်ရွှေဝင်း ၀၆၄-၂၃၃၅၇၊ ဒေါ်ခင်ရှိန် ၀၉-၂၁၆၅၄၅၄၊ ဒေါက်တာမျိုးညွန့်ဆွေ ၀၉-၂၂၀၁၂၄၂တို့ထံထည့်ဝင်ကြပါရန် နှိုးဆော်အပ်ပါသည်။

မလှိုင် အထက
ကျောင်းသားဟောင်းများအသင်း

National Management College (NMC)

BBM, BA(EPP), BA(Tourism), BA(Journalism)

(က)	Bachelor of Business Management	BBM			
(ခ)	Bachelor of Arts (English for Professional Purposes)	BA(EPP)			
(ဂ)	Bachelor of Arts (Tourism)	BA(Tourism)			
(ဃ)	Bachelor of Arts (Journalism)	BA(Journalism)			

ဗေဒါထူး

Oct (26), Nov (3,17), Dec (1,29), Jan (12,26), Feb (9,23), Mar (9), April (12,13)

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း ရွှေလုပ်ငန်းအသိပညာပေးသင်တန်း (၃/၂၀၁၃) (ပညာဒါန)အခမဲ့ ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေလုပ်ငန်းအသိပညာပေးသင်တန်း ပညာဒါန (အခမဲ့)ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ် (၄၂/၅၀)၊ ပထမထပ်၊ ရွှေဘုံသာ (အောက်)လမ်းရှိ အသင်းရုံးတွင် သင်တန်းတက်ရောက်ခွင့်ပုံစံကို ဖြည့်စွက်ပြီး တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ ၆-၁၁-၂၀၁၃ရက်မှ ၁၆-၁၁-၂၀၁၃ရက်အထိ ဖြစ်ပြီး နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၀၀၁၇၆၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပို့ချပေးမည့် ဘာသာရပ်များ

၁။ ရွှေတူးဖော်ထုတ်လုပ်ခြင်း
၂။ ရွှေသန့်စင်ခြင်း
၃။ မီးလင်းရွှေ (အခေါက်) ရောင်း/ဝယ်ခြင်း
၄။ ရွှေပန်းထိမ်အပ်နှံခြင်း
၅။ ရွှေဆိုင်ဖွင့်လှစ်ခြင်းနှင့် ရွှေအထည်ပျက်စစ်ဆေးခြင်း
၆။ ရွှေအပေါင်ခံခြင်း
၇။ ရွှေရောင်း/ဝယ် တွက်ချက်ခြင်း
၈။ ဒီဂျစ်တယ်အလေးချိန်ဖြင့် ရွှေထည်စစ်ဆေးခြင်း
၉။ လူသုံးများသော ကျောက်မျက်ရတနာများ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အမှတ်(၂) အထက တက္ကသိုလ်ဝင်တန်း (A)မှ မောင်သိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးငွေတင် [၁၀/ရမန(နိုင်)၁၈၆၀၄၄] ဖြစ်ပါကြောင်း။

ဦးငွေတင်

ပျောက်ဆုံး

ကြာသင်းပါရ်၏ Passport No M 847935 စာအုပ်မှာ ခရီးသွားရင်းပျောက်ဆုံးသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဆက်သွယ်ရန်ဖုန်း- ၅၉၃၅၇၀

Park Royal Hotel

မမသဒ္ဒါဟောင် ကြယ်စင်မှုဝေ မယ်ခိုင် မိုးစက်ပွင့် အလင်းသစ်

The Most Amazing Yangon Exhibition & Car Show

5 Star

၁၁.၁၀.၂၀၁၃မှ၁၄.၁၀.၂၀၁၃

MCC

181400 → 160000
45000 → 30000
7500 → 6000

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
ပစ္စည်းများဝယ်ယူရန် ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် ဘီလပ်မြေများ၊ ကွန်ပျူတာပြေစာ စာရွက်များ၊ ပစ္စည်းလက်ခံပြေစာစာအုပ်များ၊ ပစ္စည်းထုတ်ပေးပြေစာ စာအုပ်များ၊ ထုတ်အနုမောဒနာ ဂုဏ်ပြုလွှာကတ်ပြားများ (အင်္ဂလိပ်နှင့်မြန်မာ) ဝယ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/- ကျပ်နှုန်းဖြင့် ဝယ်ယူပြီး ၂-၁၀-၂၀၁၃ရက် နံနက် ၁၁ နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

လယ်တီမူဝိပဿနာအနာဂါမ်ဆရာသက်ကြီးနည်းကို သံဃာတော်များလက်သို့အရောက်ပေးအပ်မည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးရွာ အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာမူလကမ္မဋ္ဌာန်းဌာနနှင့် ဒုတိယကမ္မဋ္ဌာန်းဌာနတို့တွင် နှစ်ပေါင်း(၃၀)ကျော်ကမ္မဋ္ဌာနာစရိယချုပ်အဖြစ်ဆောင်ရွက်ခဲ့သော ဆရာတော်ဘဒ္ဒန္တကုမာရ (အဘညီ)မှ တာဝန်ယူစောင့်ရှောက်ခဲ့သောနည်း အတိုင်းပို့ချမည်။

၂။ (၅)ရက်ကမ္မဋ္ဌာနာစရိယသင်တန်းဖြစ်သည်။ အကျင့်မြတ်တရားကို ကိုယ်တိုင်ပွားများ အားထုတ်ကြရမည်။

၃။ လယ်တီဝိပဿနာကမ္မဋ္ဌာန်းနည်းဖြင့် ကမ္မဋ္ဌာနာစရိယအဖြစ်ဆောင်ရွက်တော်မူလိုကြကုန်သော သံဃာတော်အရှင် သူမြတ်တို့သည် ဘဒ္ဒန္တမွေခိန္ဒာစရ(ကွဲလှအိုင်ကျောင်း-၀၉-၇၃၂၄၄၄၆၂) ဘဒ္ဒန္တကုမာ-၀၉-၇၃၁၀၃၀၁၈၅၊ ဘဒ္ဒန္တသောဘိတ-၀၉-၈၆၂၂၆၅၃တို့နှင့်လည်းကောင်း၊ ဦးသိန်းတိုး-၀၉-၅၀၁၃၈၆၃၊ဦးပိုက်ချို ၀၉-၄၂၀၀၅၀၁၅၇တို့နှင့်လည်းကောင်းဆက်သွယ်စာရင်းပေးသွင်းတော်မူကြပါဘုရား။

၄။ (က)ကျောင်းထိုင်ဆရာတော်ဖြစ်ရမည်။ (ခ)ကမ္မဋ္ဌာန်းကိစ္စအတွက်ကျောင်းထိုင်ဆရာတော်မှ တာဝန်လွှဲအပ်ထားသော ဆရာတော်ဖြစ်ရမည်။ (ဂ)မွေ့စရိယအောင်မြင်ပြီးဖြစ်ရမည်။ (ဃ) အနည်းဆုံးအလတ်တန်းအောင်ပြီးရမည်။ (င)ဝါတော် (၅)ဝါအထက်ရှိရမည်။

၅။ တန်ဆောင်မုန်းလပြည့်ကျော်၃ရက်နေ့တွင် အနာဂါမ်ဆရာသက်ကြီးရိပ်သာ (ပျော်ဘွယ်ကြီး)တွင် လှူတွေ့တွေ့ဆုံရပါမည်။ လှူတွေ့မကြွရောက်နိုင်ကြသော ဃယ်ဖုန်းအရှင်သူမြတ်များသည် ဘဒ္ဒန္တ သောဘိတထေယျာမင်းကျောင်းကိုတိုက်-သမိုင်းနှင့် ဖုန်းဖြင့် ကြိုတင်ဆက်သွယ်တော်မူကြပါ။ လှူတွေ့တွေ့ဆုံပြီးမှသာသင်တန်းတက်ခွင့်ရ၊ မရကိုဆုံးဖြတ်ပါမည်။ သင်တန်းကာလမှာ နတ်တော်လပြည့်နေ့မှ ပြာသိုလကွယ်အထိဖြစ်သည်။ **(နှစ်စဉ်ထိုရက်များဖြင့်ဆရာဖြစ် ကမ္မဋ္ဌာန်းသင်တန်းရှိပါသည်။)**

လယ်တီနည်းဖြင့် ကမ္မဋ္ဌာန်းဆရာဖြစ်လိုသော သီလရှင်နှင့် လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီးများလည်း ဆရာတော်ဘုရားများနှင့် ဆက်သွယ်တော်မူကြပါ။

ကြော်ငြာအလှူရှင်-ဦးရဲထွဋ်၊ဒေါ်တာနွယ်နွယ်အေး

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃)
(၂၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားဖိတ်ကြားခြင်း

တေဇ(၁၃) ကျောင်းဆင်း (၂၇) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံးမိသားစုနှင့်အတူတကွ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

နေရာ ။ ။ M.3 စားသောက်ဆိုင်၊ ရန်ကုန်

နေ့ရက်။ ။ ၂၈-၉-၂၀၁၃ ရက် (စနေနေ့)

အချိန် ။ ။ ၁၈း၃၀ နာရီမှ ၂၂း၃၀ နာရီအထိ

(ခ) အလှူဒါနပြုလုပ်ခြင်း

နေရာ ။ ။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်

နေ့ရက်။ ။ ၂၉-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

အချိန် ။ ။ ၈း၃၀ နာရီမှ ၁၂း၀၀ နာရီအထိ

(ဖိတ်စာသီးခြားမပို့ပါ)

သာရေးနာရေးကော်မတီ

တေဇ (၁၃)

[illegible]

Ph - 247863, 380141, 09430431??, 09-7321422

ရွှေလှည်းယာဉ်(ဗုဒ္ဓဃာဘုရားဖူးအဖွဲ့)
ကိုညွန့်အောင်အောင်(ကိုအောင်ကြီး)သို့

အမှတ်စဉ် ၁/၂၀၁၂ ခရီးစဉ်အတွင်း ဘဝသောင်သက်သာဖြင့် မိသားစုသဖွယ် စောင့်ရှောက်ကာ ညဘက်ကားမမောင်းခြင်း၊ လူနည်းစုဖြစ်ခြင်းတို့ကြောင့် စိတ်ချမ်းသာစွာ ဘုရားဖူးလျှံဒါန်းခဲ့ရခြင်းအတွက် များစွာကျေးဇူးတင်ပါသည်။ ထပ်မံ၍လည်း အမှတ်စဉ် ၂/၂၀၁၃ ခရီးစဉ်လိုက်ပါနိုင်ရန် ကြိုးစားပါမည်။

ဦးချစ်တင်-ဒေါ်တင်မြတ်မွန်
(သမီး)မဖြိုးဆုပိုင်၊ မမြတ်ဆုပိုင်
ထက်မြက်အောင်ရွှေဆိုင်- လှိုင်ဈေးကြီး

Virgin Land Travels & Tours

Golden Sky
Professional Training Centre
Condominium Estimate Courses

ဒေါင်းသရဖူ
Maritime Training Centre
★ BST (4 Tickets)
★ Pre-sea (Deck & Engine)
☎ : 212357,09507016?

Great Ayeyarwaddy Co., Ltd

1. Asst. Sales Manager
2. Sales Supervisor

ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ အထိမ်းအမှတ်ကျန်းမာရေး ဟောပြောပွဲ

စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးပြန်ရောဂါကာကွယ်ခြင်းအကြောင်း ပြည်သူလူထုအား ကျန်းမာရေးပညာပေးဟောပြောပွဲများကို သက်ပိုင်စိုးကုမ္ပဏီမှ ပံ့ပိုး၍ အောက်ပါအစီအစဉ်များအတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်း လေးစားစွာ အသိပေးဖိတ်ကြားအပ်ပါသည်။

အစီအစဉ် (၁)- ရန်ကုန်မြို့။

ဟောပြောမည့်ပုဂ္ဂိုလ်။ ။ ပါမောက္ခဒေါက်တာချစ်စိုး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်

နေ့ရက်။ ။ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၂၈ရက် (စနေနေ့)

အချိန်။ ။ နံနက် ၉း၃၀နာရီမှ ၁၂နာရီအထိ (ကော်ဖီ+မုန့်ဖြင့် ဧည့်ခံပါမည်။)

နေရာ။ ။ M3 Food Centre၊ ဗဟန်းအားကစားကွင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။



F.A.M.E

Diploma in Marketing (L 3) LCCI (UK)
Marketing
Advertising
Selling and Sales Management
Public Relations

Contact No 09-7309131

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆(အေ) မြေကွက် အမှတ်-၁၀၇၊ ဧရိယာ(၀.၀၁၆)၊ အလျား(၂၅ ပေ)× အနံ(၅၀ ပေ)၊ စည်ပင်သာယာအခေါ်အားဖြင့် အမှတ်(၉)၊ ဉယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ယခင် ရန်ကုန်တိုင်း တရားရုံးတော်၏ တရားမကြီးမှုအမှတ်- ၂၀၅/၂၀၀၀ ပြည့်နှစ်နှင့် တရားမ ဇာရီမှုအမှတ်- ၂၅၀/၂၀၀၃ ခုနှစ်တို့အရ တရားဥပဒေနှင့်အညီ လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း ထုတ်ဖော်ကြေညာသူ ဒေါ်မြင့်မြင့်ဝင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေကျပ် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဥပဒေနှင့် ညီညွတ်သော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့်သာ ယခုကြော်ငြာသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း တရားဥပဒေနှင့်ညီညွတ်သော ကန့်ကွက်မှုမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (တရားဥပဒေအရ မည်သို့မျှ အခွင့်အရေးမရှိပါဘဲလျက် အကြောင်းမဲ့၊ အထောက်အထားမဲ့ ကန့်ကွက်မှုများအား လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။)

ရောင်းသူ/ဝယ်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးတင်စိုး (အေး) (ကြိုတိုင်းအောင်)	**ဦးထိန်လင်းသန့်**
B.A., H.G.P., R.L (Advocate)	LL.B., D.B.L., D.I.L., D.M.L.
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၃၉)	တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၈၂)
ရုံး-အမှတ်- ၅၀၊ အခန်း-၂ (မြေညီထပ်) ဘဂ်္ဂလမ်း၊ ကျောက်တံတားမြို့နယ်၊ ယခင်(ရန်ကုန်တိုင်းတရားရုံးရှေ့)	အမှတ်(၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အိမ်- အမှတ်(၄၀)၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။	ဖုန်း- ၀၉-၅၁၀၀၃၁၃၈
ဖုန်း- ၀၁-၅၂၄၈၉၁၊ ၀၉-၅၀၃၃၈၆၂	

Royal Great Construction Co.,

မြေပိုင်ရှင်များ အကျိုးတူ အထပ်မြင့် ဆောက်လုပ်လိုပါက ဆက်သွယ်ပါရန်။

ဖုန်း- ၀၁-၁၂၂၈၄၂
royalgreatmyanmar@gmail.com

ဝယ်လိုသည်

-ကားအပ်ပြီးစလစ်များ၊
-၈၊ ဆ၊ မ၊ သ၊ အ၊
အထိမ်ကား၊
ဖုန်း-၀၉၄၄၈၀၀၇၃၇၇

ကျေးဇူးဆပ်ပါမည်

ကွန်တော်ဦးကျော်ဝင်း နိုင်ငံသား စိစစ်ရေးကတ်၅/ကလဝ(နိုင်) ၀၀၇၁၃၉ မှုလေးအပြည့်ပြည့်ဆိုင်ရာလေဆိပ် တိုက်အနီးပျောက်ဆုံးခဲ့သည်။ တွေ့ရှိကကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၅၀၀၆၈၁၀၉-၃၁၀၂၅၈၂

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

LL.B | LL.B.H.G.P. | LL.B., L.M.M.B.H.P.B.(Hons)
LL.B.D.B.L.D.I.L. | LL.B

[illegible]

အများသိစေရန် ကြေညာချက်

[illegible]

ဦးအားတဲ(ဘ)ဦးအိုက်ဆွေ [၁၃/နမတ(နိုင်)၀၃၈၆၅၆]နှင့် အများသိစေရန်ကြေညာခြင်း

ဦးအားတဲ(ဘ)ဦးအိုက်ဆွေသည် အမှတ်(၉၇၀/ခ)၊ ကနောင်မင်းသားကြီးလမ်း၊ (၉၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ယုန်းမောက်ဂျူဝဲလ်လရီ ကုမ္ပဏီလီမိတက်တွင် ယာဉ်မောင်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၁-၈-၂၀၁၃ရက်တွင် ကုမ္ပဏီပိုင် ငွေကျပ် (၂၄)သိန်း ရယူပြီး ကုမ္ပဏီသို့ လာရောက်ခြင်းမရှိဘဲ တိမ်းရှောင်လျက်ရှိကြောင်း သိရှိရပါသည်။ ကုမ္ပဏီမှ ဦးအားတဲနှင့် သက်ဆိုင်သူများသို့ ဆက်သွယ်၍ လိုက်လံစုံစမ်းရာတွင် ဆက်သွယ်၍မရကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ဤအကြောင်းကြားစာပါသည့်နေ့မှ (၇)ရက်အတွင်း ကုမ္ပဏီထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်၍ ငွေကျပ်(၂၄)သိန်းအား လာရောက်အပ်နှံရန်နှင့် အပ်နှံခြင်းမရှိပါက တည်ဆဲဥပဒေများအရ အမှုဖွင့်လှစ် အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

လွှဲအပ်ညွှန်ကြားသူ	**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
ဦးထွန်းနေဝင်း	**LL.B(Q),D.B.L**
(မန်နေဂျင်းဒါရိုက်တာ)	**တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေရေးရာအတိုင်ပင်ခံ**
ယုန်းမောက်ဂျူဝဲလ်လရီ	**LINO MASTER LAW FIRM**
ကုမ္ပဏီလီမိတက်	**အမှတ်(၂၂၉)၊ ပထမထပ်(ယာ)၊ (၃၈)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
	ဖုန်း-၀၉-၇၃၀၉၇၂၀၃၊ ၀၁-၃၇၂၂၀၃
	Email:aungsoetun.ht@gmail.com

အများသိစေရန်ကြေညာချက်

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရွှေပြည်သာမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၂

မသော်တာပြည့်	နှင့်	ကိုမျိုးဝင်းဆန်း
အမှတ်-၁၈၃၊အမှတ်-၄/လမ်းမကြီး၊		အမှတ်-၆၈၊ဗထူးလမ်း၊ (၁)ရပ်ကွက်၊
ဇီးကုန်းပန်းခြံစု၊ ရွှေပြည်သာမြို့နယ်		ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ (၁)ရပ်ကွက်၊ ဗထူးလမ်း၊ အမှတ်-၆၈နေ တရားပြိုင် ကိုမျိုးဝင်းဆန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။ သင့်အပေါ်၌တရားလို မသော်တာပြည့်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁ရက်(၁၃၇၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သူဟန်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ရွှေပြည်သာမြို့နယ်တရားရုံး

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးဝဏ္ဏအောင်(ရန်ကုန်)

အသက်(၄၆)နှစ်

B.Sc(Phy;-MDY), D.M.A(51B-YGN)

မန္တလေးမြို့၊ ၂၆×၂၇ကြား၊ ၇၄×၇၅ကြား၊ စိတ္တရမဟီရပ်၊ စော်ဘွားဝင်းနေ ဒေါက်တာခွန်အောင်ကြည်-(ဒေါ်နီနီခင်)တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသား ရန်ကုန်မြို့၊ အမှတ်(၁၀)၊ ၄လွှာ(ယာ)၊ ကွက်သစ်လမ်း၊ ရေကျော်နေ(ဦးလှမြင့်-ဒေါ်သန်းအေး)တို့၏ ချစ်လှစွာသော သားသမက်၊ ဒေါ်နီနီလွင်၏ ချစ်လှစွာသော ခင်ပွန်း ဦးဝဏ္ဏအောင်၏ နာရေးကိစ္စအဝဝတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြသော၊ လိုက်လံပို့ဆောင်ကြသော လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ ရန်ကုန်မြို့ရှိ ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ အသိမိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ သတင်းမေးမြန်းကြသော မိတ်ဆွေ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)

တွဲဖက်စစ်ရေးချုပ်(ငြိမ်း)

ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (ငြိမ်း) ကြည်း/၆၅၃၁

အသက်(၈၃)နှစ်

သူငယ်ချင်း ဦးတင်အေးကျော် (၁၉၈၃ - Mech:)နှင့် ဒေါ်နွယ်နီကိုတို့၏ ဖခင်သည် ၂၀-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်စက်မှုတက္ကသိုလ်
စက်မှုအင်ဂျင်နီယာ ၁၉၈၀-၁၉၈၃
ကျောင်းနေဖက်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းမြင့် B.Sc (Forestry) 70

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၆၈)နှစ်

တောင်ငူမြို့၊ ၁၉/၅၃၈၊ မင်းရဲကျော်စွာလမ်းသွယ်နေ ဒေါ်ခင်ပြုံးလုံ၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းမြင့် (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း) သည် ၂၂-၉-၂၀၁၃ရက် ည ၈း၀၀ နာရီတွင် တောင်ငူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်(ရန်ကုန်)၊ သိပ္ပံ (သစ်တော)ဘွဲ့ရ ၁၉၇၀ ခုနှစ်ဆင်းသူငယ်ချင်းများနှင့် မိသားစုများ

[illegible]

အများသိစေရန် ကြေညာချက်

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမူ(မြိတ်)

အသက်(၅၆)နှစ်

ဘုန်းဟန်ဂျော်ရွှေဆိုင်

ဦးသန်းရှိန်-ဒေါ်အေးဆန်းတို့၏အစ်မ ဒေါ်အေးမူသည် ၂၁-၉-၂၀၁၃ရက်(စနေနေ့) နံနက် ၈း၄၅နာရီတွင် ထိုင်းနိုင်ငံ(ဗန်ကောက်ဆေးရုံ)၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းဖြိုး၊ ဦးမောင်စိုး-မဌေးလှ၊ ဦးဝင်းဌေး-မဌေးမွန်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးမူ(မြိတ်)

အသက်(၅၆)နှစ်

၂၁-၉-၂၀၁၃ရက်(စနေနေ့) နံနက် ၈း၄၅နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှဲ့ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပုလဲမေသူငယ်ချင်းတစ်စု
အထက(၃)၊ ကျောင်းသူဟောင်းများ
မြိတ်မြို့။

အထူးဝမ်းနည်းကြေကွဲခြင်း

ပန်းတိုင်ဦးသန်းမောင် (၆၆)နှစ်

ကျားတက်ရွာ ဆုတောင်းပြည့်စေတီတော်စောင်းတန်းအလှူရှင်၊ အထကကျောင်း ပန်းတိုင်ကျောင်းဆောင်အလှူရှင်နှင့် ပန်းတိုင်စာကြည့်တိုက်အလှူရှင် ပန်းတိုင်ဦးသန်းမောင်သည် ၂၀-၉-၂၀၁၃ရက် ည၇း၃၀နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းရပါကြောင်း။ **ဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့၊ အထက ကျောင်းအကျိုးဆောင်အဖွဲ့နှင့် ဆရာ၊ ဆရာမများ၊ ပန်းတိုင်စာကြည့်တိုက်အမှုဆောင်အဖွဲ့ ကျားတက်ရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး**

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း အမှုဆောင်လူကြီး

ပန်းတိုင်ဦးသန်းမောင် (၆၆)နှစ်

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း စတင်ဖွဲ့စည်းစဉ်ကစ၍ တက်ကြွစွာ ဆောင်ရွက်ခဲ့သည့် ပန်းတိုင်ဦးသန်းမောင် ကွယ်လွန်ခြင်းသည် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းအတွက် ကြီးစွာသော ဆုံးရှုံးမှုဖြစ်ပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင် ကြေကွဲဝမ်းနည်းရပါသည်။

အမှုဆောင်အဖွဲ့
မြန်မာစာပေချစ်မြတ်နိုးသူများအသင်း

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရ

ဦးဥက္ကာကျော်(ခ)အုတ်ကြီး

အသက်(၃၆)နှစ်

(၂၆-၉-၂၀၁၂)

အမှတ်မထင် ခွဲခွာသွားခဲ့သော သားကြီး ဥက္ကာ (၁)နှစ်တောင်ပြည့်ခဲ့ပြီလေ။ သားကြီးကို ယနေ့တိုင် မမေ့နိုင်သတိရဆဲပါ။ သားကြီးအတွက် ပြုပြုသမျှ ကုသိုလ်တွေကို ရောက်ရာ ဘုံဘဝမှ မြင်နိုင်ပါစေ။ ကြားနိုင်ပါစေ။ သိနိုင်ပါစေ။ သာဓုခေါ်နိုင်ပါစေ။ သားကြီးရေ အဖေတို့ အမေတို့ လှူဒါန်းသမျှ ကုသိုလ်တွေကို ကောင်းရာဘုံဘဝမှ အမျှရ၍ သာဓု ခေါ်နိုင်ပါစေ။ သားကြီးရေ အမျှ-အမျှ-အမျှ

ကျန်ရစ်သူ ဖေဖေ ဦးသန်းကျော်-မေမေ ဒေါ်ခင်ညိုနှင့် ဆွေမျိုး မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလောင်ပွေကီး(ခ)ဦးခင်

အသက်(၉၃)နှစ်

ဦးအောင်ရွှေ (နာယက မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)၏ ဖခင် ဦးလောင်ပွေကီး(ခ)ဦးခင် အသက်(၉၃)နှစ်သည် ၂၃-၉-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်
(အောင်ဆန်းကွင်း)

အများသိစေရန်သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂၈၀/B-1)၊ (၂)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်းနှင့် (၁၀)လမ်းနေ ဒေါ်လှလှဝင်း[၁၂/လမန(နိုင်)၀၀၀၁၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အကွက်အမှတ်-၁၂/အေ၊ လူနေရပ်ကွက်အမှတ်(၂)၊ ကမာရွတ်၊ မြေကွက်အမှတ်-၂၆၂၊ မြေဧရိယာ(၀. ၁၀၂)ဧက၊ ဒေါ်ရင်နှင့်ဒေါ်တင်ရွှေအမည်ပေါက်နှစ်(၉၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၄)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဇာရီမှုအမှတ်-၂၂၅/ ၁၁ (၂၃-၈-၂၀၁၁)ရက်စွဲပါ အမိန့်အရ ရန်ကုန်မြို့ စာချုပ်စာတမ်းများဦးစီးဌာနတွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်-၁၀၆၀/၁၃ ဖြင့်ချုပ်ဆိုပြီး၍ ဦးလွန်းမောင်နှင့် တရားဝင်ဇနီးဒေါ်လှလှဝင်းတို့မှ ပူးတွဲပိုင်ဆိုင်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးလွန်းမောင်၏ တရားဝင်ဇနီးဒေါ်လှလှဝင်း၏ သဘောတူခွင့်ပြုချက်မရဘဲ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အခြားနည်းဆောင်ရွက်ခြင်း၊ အကျိုးတူကန်ထရိုက်တိုက်ဆောက်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုခြင်းတို့မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။

မှတ်ပုံတင်အရောင်းစာချုပ်အမှတ်-၁၀၆၀/၁၃(မူရင်း) ဒေါ်ရင်ရင်၊ ဒေါ်တင်ရွှေအမည်ပေါက် နှစ်(၉၀)မြေငှားဂရန်(မူရင်း)တို့သည် ဒေါ်လှလှဝင်း (ဦးလွန်းမောင်၏တရားဝင်ဇနီး)လက်ဝယ်တွင်ရှိသဖြင့် ဦးလွန်းမောင်မှလည်းကောင်း၊ ၎င်း၏ကိုယ်စားလှယ်စာရသူမှလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဂရန်ပျောက်ဆုံးလျှောက်ထားခြင်း၊ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားခြင်းတို့အား သတိပေးတားမြစ်ပါသည်။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူမည်သူမဆိုအပေါ် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးလွန်းမောင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြညွန့် B.A(Law),LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၀)
ဖုန်း-၀၉၇၃၀၆၀၂၁၆

ဦးသန်းထွင်
အသက် (၅၁)နှစ်
(သွားဘက်ဆိုင်ရာဆရာဝန်၊ 16th Batch)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးရှာမလမ်း၊ အမှတ်(၁၃၂)နေ (ဦးစိုးမြင့်)-ဒေါ်အမာကြည်တို့၏သားလတ်၊ (ဒုတိယဗိုလ်မှူးကြီး သိန်းအောင်-ငြိမ်း)-ဒေါ်သန်းတင်(ရွှေရတု)တို့၏သားသမက်၊ ဗိုလ်မှူးဒေါ်တင်တင်အောင်(ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်စိုး-ဒေါ်ဌေးဌေးခင်တို့၏ညီ၊ ဦးတင်အောင်ထွန်း-ဒေါ်ခင်စောဝေတို့၏အစ်ကို၊ မောင်ကျော်စိုးသူ-မမေသက်ရှိန်၊ မောင်ခင်အောင်(ခ)မောင်ကျော်ကျော်ထွဋ်၊ မစိုးသစ်စံ၊ မောင်မင်းသော်အောင်-မပွင့်ကေခိုင်တို့၏ဖခင်၊ မလင်းလက်သံသာ၊ မောင်ဟိန်းထွဋ်အောင်တို့၏အဘိုးသည် ၂၄-၉-၂၀၁၃(အင်္ဂါနေ့) နံနက် ၉း၀၉ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးကြေကွဲဝမ်းနည်းခြင်း

စိတ်သဘောထားကောင်းမွန်မြင့်မြတ်အေးချမ်းစွာဖြင့် သူတစ်ပါးအပေါ် အမြဲအားပေးကူညီ စောင့်ရှောက်တတ်သော ဒေါက်တာဦးသန်းထွင်မှ အသက်(၅၁)နှစ်သည် ၂၄-၉-၂၀၁၃ရက် နံနက် ၉း၀၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ညီမရင်း ပမာ ရင်းနှီးချစ်ခင်ရပါသော ညီမ ဒေါက်တာတင်တင်အောင် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲတသ ဝမ်းနည်းရပါသည်။

ဗိုလ်မှူးချုပ်ခင်မောင်အေး(ငြိမ်း)-ဒေါ်ခင်ဝင်းအေးမိသားစု

ရွှေပြည်သာ

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ပုလေး အသက်(၉၀)
ပုသိမ်-သာပေါင်း(ရွှေလှေကွင်း)

သူငယ်ချင်း ဦးစိန်ထွန်း(ညွှန်မှူး DWIR)၊ ဒေါ်လင်းလင်းထွန်း(စာရင်းစစ်ချုပ်၊ ငြိမ်း)တို့၏မိခင်ကြီးသည် ၂၂-၉-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၆း၃၃နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၉စီးပွားရေးတက္ကသိုလ် မာလာဆောင်သူငယ်ချင်းများ
ဖေကြီး၊ ခင်စောရီ၊ သောင်းသောင်းနု၊ မဂျူး၊
မသန်းမြင့်၊ တင်တင်ကြည်၊ ခင်မျိုးဦး

အထူးဝမ်းနည်းကြေကွဲခြင်း
ဟာဂျီမစကီနာဘီ(ခ)ဒေါ်တင်ဝင်း(ခ)အဘူးခါလာ
အသက်(၇၈)နှစ်

ဦးမောင်မောင်လေး-ဒေါက်တာကြူကြူဝင်း [တွဲဖက်ပါမောက္ခ၊ အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်]၏ ချစ်လှစွာသောမိခင် ဟာဂျီမစကီနာဘီ(ခ)ဒေါ်တင်ဝင်း(ခ)အဘူးခါလာသည် ၁၉-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ၊ ဆရာမများ
အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးအေးမူ(မြိတ်) (၅၆)နှစ်
(ဘုန်းဟန်ကျော်ရွှေဆိုင်)

(ဦးထွန်းရှိန်)-ဒေါ်အေးကြည်တို့၏သမီး၊ ဦးဟိုစွမ်၏ဇနီး ဒေါ်အေးအေးမူသည် ၂၁-၉-၂၀၁၃ ရက်တွင် (ဗန်ကောက်ဆေးရုံ)၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အစ်ကို- ဦးဝင်းဖြိုးမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီအဗ္ဗဒူလ်ကရင်မ်(ခ)
ကိုအောင်ကျော်စိုး (၃၄)နှစ်

ရန်ကုန်မြို့၊ မအူကုန်းရပ်ကွက်၊ (၁၃၉)လမ်း၊ အမှတ်(၂၇)၊ သုံးလွှာနေ [မိုဟာမွဒ်အစ်က်ဘားရ်(ခ)ဦးဘကျော်]-ဟာဂျီမ ကရီမာဘီ(ခ)ဒေါ်ကြည်ကြည်မာတို့၏သားလတ်၊ အမေရိကန်နိုင်ငံ အာရီဇိုးနား၊ ဖီးနစ်မြို့နေ ဆိုဖီယာဘီ(ခ)မစုမွန်ကျော်၏ချစ်လှစွာသောခင်ပွန်း၊ ဂျူဝိုင်ရီယာ(ခ)သက်စုကျော်၏ချစ်လှစွာသောဖခင်၊ ကိုအောင်ကျော်မိုး-မနီလာစိုးတို့၏ညီ၊ ကိုကျော်မောင်မောင်လွင်-မရတနာကျော်၊ ကိုအောင်ထူးနိုင်-မခင်ဌေးဝင်းတို့၏ အစ်ကိုသည် ၂၄-၉-၂၀၁၃ (အင်္ဂါနေ့) အာရီဇိုးနား ဖီးနစ်အချိန် နံနက် ၇း၁၆နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ဇိုဟိုရ်အပြီးတွင် အာရီဇိုးနား ဖီးနစ်ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွနာပြီးဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းလွင်
ဒုအရာခံဗိုလ်(ငြိမ်း)
အသက်(၆၀)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ်(၂၀)၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနေ (ဦးထွန်းအေး-ဒေါ်ပြုံး)တို့၏သား၊ (ဦးသိန်းထွန်း-ဒေါ်ကြည်)၊ (ဦးခင်မောင်သန်း)-ဒေါ်ခင်နွဲ့၊ ဦးအောင်ကြည်-ဒေါ်သန်းသန်းညွန့်တို့၏ ညီ၊ (ဦးသိန်းရွှေ)-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးကျော်ဝင်း)-ဒေါ်သောင်းညွန့်၊ ဦးတင်လှိုင်-ဒေါ်နန်းလှကြည်၊ ဦးတင်ဝင်း-ဒေါ်လွင်လွင်မော်၊ ဦးစိုးနိုင်-ဒေါ်ထွေးထွေး၊ ဦးတင်ထွေး-ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ တူ/တူမ ၂၆ယောက်၊ မြေး ၁၃ယောက်တို့၏ အဘိုးလေးသည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်စောမြင့်(ခ)ဒေါ်ရီစီ
ဗိုလ်ချုပ်စျေး၊ကျောင်းကုန်းအသင်း
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း၊ အမှတ်(၂၀၅)နေ (ဦးမောင်ဝ-ဒေါ်တင်လှ)တို့၏သမီးကြီး၊ [ဦးသန်းဝင်း(ဗိုလ်ချုပ်စျေး)]၏ဇနီး၊ (ဒေါ်ခင်ရွှေ၊ ဒေါ်ရီ၊ ဒေါ်ကြည်)တို့၏ တူမ၊ ဦးအောင်ဝင်း-ဒေါ်ခင်ဌေး(ဒလ)၊ ဦးရန်လင်း-ဒေါ်အေးအေးမာ(စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးဝင်းကျော်-ဒေါ်အေးမိ၊ အရာခံဗိုလ်နေလင်း-ဒေါ်တင်ဌေး၊ (ဦးထွန်းထွန်းဝင်း)-ဒေါ်ဝေ (မြောက်ဥက္ကလာပ)၊ ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်သိန်း-ဒေါ်ချိုချိုမြင့်(သစ်တောသုတေသန၊ ရေဆင်း)တို့၏ ကျေးဇူးရှင်အစ်မကြီး၊ ကိုအောင်မိုး (Bosun, St. John Shipping Co., Ltd.)-မဝင်းဖြူဖြူစိုးတို့၏မွေးစားမိခင်၊ တူ/တူမ ၂၁ယောက်တို့၏ အဒေါ်၊ မြေး သုံးယောက်တို့၏အဘွား ဒေါ်စောမြင့်(ခ)ဒေါ်ရီစီသည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းမေကြည် (၆၃)နှစ်
ဘုရင်မ သကြားလုံး

